# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၁၉ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးရုံးအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေး

## ရုံးအဆောက်အအုံများအတွင်းရှိအရေးကြီးသည့် စာရွက်စာတမ်းများ၊ စက်ပစ္စည်းကိရိယာများနှင့် ရွှေ့ပြောင်း၍ရနိုင်သည့် ပစ္စည်းများကို အမြန်ဆုံးရွှေ့ပြောင်းသွားရန်လို

နေပြည်တော် ဧပြီ ၁၈

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



နှစ်သစ်မင်္ဂလာအခါသမယတွင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ အောင်မြင်ခြင်း၊ပျော်ရွှင်ခြင်း၊

ပညာ ဥစ္စာနှစ်ဖြာတိုးပွားကြွယ်ဝခြင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်..

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး

ရွှေဖီဦး



# မိုးကြိုကာလ သဘာဝအန္တရာယ်များ သတိပြု၍ ကြိုတင်ကာကွယ်ရှောင်ရှား

မိုးကြိုကာလတွင် ဖြစ်ပေါ်လေ့ရှိသည့် မိုးလေဝသဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ပြည်သူများ ကြိုတင်သတိပြုနိုင်ရန်အတွက် သက်ဆိုင်ရာက သတိပေးနှိုးဆော်လျက်ရှိသည်။ အကြမ်းဖျင်းအားဖြင့် သင်္ကြန်ကာလမှသည် မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလသည် မိုးကြိုကာလဖြစ်ပြီး ယင်းကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် ထူးခြားသော မိုးလေဝသဖြစ်စဉ်များကို သတိပြုကြရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက မီဒီယာများမှတစ်ဆင့် နှိုးဆော်နေခြင်းဖြစ်ရာ မျက်ခြည်မပြတ်စောင့်ကြည့်၍ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ကြရန်လိုသည်။

မိုးကြိုကာလတွင် ဖြစ်တတ်သည့် မိုးလေဝသဖြစ်စဉ်များမှာ အချိန်အခါမဟုတ် မိုးရွာခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မြေပြိုခြင်းစသည်တို့ဖြစ်ပြီး နှစ်စဉ်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှု အကြိမ်ရေပို၍များလာသကဲ့သို့ ပိုမို၍လည်း ပြင်းထန်လျက်ရှိရာ ယခုကဲ့သို့ ဧပြီလနှင့် မေလ မိုးကြိုကာလတွင် မိုးကြိုးပစ်ခြင်းကြောင့် နိုင်ငံတစ်ဝန်း နှစ်စဉ် လူ ၁၀၀ ကျော် သေဆုံးရသလို ကျွဲနွား တိရစ္ဆာန်များလည်း သေကျေပျက်စီးလျက်ရှိသည်ကို မမေ့မလျော့ကြရန်လိုသည်။ မိုးကြိုကာလနှင့် မိုးနှောင်းကာလတို့သည် မိုးကြိုးအန္တရာယ်မြင့်မားသည့် ကာလဖြစ်ပြီး တစ်နေ့တာအတွင်း မိုးကြိုးပစ်မှု အများဆုံးအချိန်ဖြစ်သော မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအတွင်း သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

မိုးကြိုကာလ လေပြင်းအန္တရာယ်သည်လည်း အထူးဂရုပြုရန် လိုအပ်သည့် သဘာဝအန္တရာယ်တစ်ခုပင်ဖြစ်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် နှစ်စဉ် လူနေအိမ် ရာပေါင်းများစွာ ပြိုကျပျက်စီးခြင်း၊ ထောင်နှင့်ချီ၍ အမိုးလန်၊ ယိုင်နဲ့ပျက်စီးခြင်း၊ လူသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်ပေါ်လျက်ရှိရာ မိမိတို့နေအိမ်များကို လေပြင်းဒဏ်ခံနိုင်ရန် အားဖြည့်ထောက်ကန်ပြင်ဆင်ဆောင်ရွက်ခြင်း၊ အိမ်ပေါ်သို့ ပြိုလဲကျနိုင်သည့် သစ်ပင်သစ်ကိုင်းများကို ကြိုတင်ခုတ်ထွင်ရှင်းလင်းခြင်း စသည်တို့ဆောင်ရွက်ထားကြရန်လိုသည်။ လေပြင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီဒီယာနည်းလမ်းများဖြင့် အသိပညာပေးလျက်ရှိရာ ကြည့်ရှုလေ့လာ၍ လိုက်ပါဆောင်ရွက်ခြင်းအားဖြင့် လေပြင်းဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် လျော့ပါးသက်သာနိုင်ကြမည်ဖြစ်သည်။

မြေပြိုဘေးအန္တရာယ်သည် မိုးဦးကျကာလ ဇွန်လမှ ဩဂုတ်လများအတွင်း အဖြစ်များသော်လည်း မိုးကြိုကာလ အချိန်အခါမဟုတ် မိုးရွာစဉ်၌လည်း သတိပြုကြရန်လိုသည်။ တောင်ကုန်း၊ တောင်စောင်းများနှင့် အနီးတစ်ဝိုက်တွင် နေထိုင်သူများမှာ မြေပြိုဘေးအန္တရာယ်ကို အထူးသတိပြုကြရန်လိုပြီး အချို့မြေပြိုမှုဖြစ်စဉ်များတွင် အလွန်နိမ့်သော တောင်ကုန်းကလေးမှ မြေပြိုမှု၊ နေအိမ်နှင့် အနည်းငယ်ဝေးသည့်နေရာမှ မြေပြိုမှုတို့ကြောင့် နေအိမ်ပျက်စီးမှုနှင့် လူသေဆုံးမှုတို့ ဖြစ်ပေါ်ခဲ့သည်ကိုလည်း သိရှိထားကြရန်လိုသည်။

သို့ဖြစ်ရာ မိုးကြိုကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မိုးကြိုကာလ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍လည်းကောင်း သက်ဆိုင်ရာတို့က ကြိုတင်သတိပေးနှိုးဆော်ခြင်း၊ အသိပညာပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ အလေးဂရုပြုခြင်း အလျဉ်းမရှိဘဲ အမှတ်တမဲ့ကျော်လွှားမသွားကြရန် အကြံပြုတိုက်တွန်းလိုသည်။ သဘာဝဘေးအန္တရာယ်ဟူသည် ဖြစ်ပေါ်မလာစေရန် ကြိုတင်တားမြစ်နိုင်သည့် အရာမဟုတ်ဘဲ ကြိုတင်ပြင်ဆင်ခြင်းအားဖြင့်သာလျှင် ရင်ဆိုင်ကြရခြင်းဖြစ်ရာ သတိတမံ၊ ဉာဏ်မြေကတုတ်ဟူသော ဆိုရိုးနှင့်အညီ အသက်နှင့်ခန္ဓာ၊ အိမ်ရာနှင့် ပစ္စည်းဥစ္စာတို့ကို ပျက်စီးခြင်းမှ ကင်းဝေးအောင် အားထုတ်ကြိုးပမ်း စောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

## လူ

❒ ထောက်တည်ဖွယ်ရာ
မြေကမ္ဘာသည်
ရှန်းကန်လှုပ်ရှား
ဖောက်ပြန်သွားသော်
လူသားကျွန်တော်
မော်၍မရ သင်္ခါရ
ဉာဏ်သည်မှာလည်း တဒင်္ဂ။

❒ ကာယ ဉာဏ
ဘောဂ မိတ္တ
ဗလများနဲ့
ရှန်းထမာန်ထူ
တလူလူလွင့်
အခြေတင့်ဖို့
စာရိတ္တတွေ မြှင့်ကြပါ
ဖွဲ့လုံ့လနဲ့
ဝီရိယတွေ တိုးကြပါ
လူသားတန်ခိုး ပြကြပါ။

ရေဝေမောင်မိတ္တ

## သံအမတ်ကြီး ဦးသစ်လင်းအုန်း ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၈

ကာဇက်စတန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်း သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကာဇက်စတန်သမ္မတနိုင်ငံ၊ အက်စတာနာမြို့၊ သမ္မတနန်းတော်၌ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကတ်ခ်ဆန် ဂျိုးမာ့တ် တိုးကာရာ့ဗ်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်



## ၁၈ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၃၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေကာနံရံပြိုကျမှုအား ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအဆောက်အအုံအား ကြည့်ရှုစစ်ဆေးစဉ်။

❖ *ရှေ့ဖုံးမှ*

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံ၊ အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံ၊ ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေကာနံရံပြိုကျပျက်စီးခဲ့မှု၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအဆောက်အအုံ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ရုံးအဆောက်အအုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနရုံးအဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများနှင့် ဝန်ထမ်းများအား ယာယီနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေများအား

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနရုံးအဆောက်အအုံအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

လိုက်လံကြည့်ရှု စစ်ဆေးရာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးများက ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများ၊ ယာယီရုံးများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေး ဆောင်ရွက်ပေးထားမှု အခြေအနေများအား အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုံးအဆောက်အအုံများအတွင်းရှိအရေးကြီးသည့် စာရွက်စာတမ်းများ၊ စက်ပစ္စည်းကိရိယာများနှင့် ရွှေ့ပြောင်း၍ရနိုင်သည့် ပစ္စည်းများကို အမြန်ဆုံး ရွှေ့ပြောင်းသွားရန် လိုကြောင်း၊ ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည့်ရုံးဌာန အဆောက်အအုံများအား *စာမျက်နှာ ၅ သို့*

◆ **ပျက်စီးထိခိုက်မှုများဖြစ်ပေါ်ခဲ့သည့် ရုံးဌာနအဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေးအတွက် ငလျင်ပညာရှင်များ၊ ဆောက်လုပ်ရေးပညာရှင်များ၏ အကြံဉာဏ်များရယူ တည်ဆောက်သွားရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာနရုံးအဆောက်အအုံအား ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လူမှုဖူလုံရေးအဖွဲ့ရုံးအဆောက်အအုံအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်စေရေးအတွက် ငလျင်ပညာရှင်များ၊ ဆောက်လုပ်ရေး ပညာရှင်များ၏ အကြံဉာဏ်များ ရယူတည်ဆောက်သွားရန် လိုကြောင်း၊ အဆောက်အအုံများအား တစ်လုံးတည်း ကြီးမားစွာ တည်ဆောက်ခြင်းထက် အကန့်လိုက်၊ အလုံးလိုက်ခွဲ၍ တည်ဆောက်မည်ဆိုပါက ငလျင်ဒဏ်ကို ပိုမိုခံနိုင်မည်ဖြစ်ကြောင်း၊ အဆောက်အအုံများ စတင်ဆောက်လုပ်စဉ် ကတည်းက ရေရှည်ခိုင်ခံ့ စေရန်အတွက် လိုအပ်သည့်ရေလိုင်း၊ မီးလိုင်းများကိုလည်း စနစ်တကျထည့်သွင်း တွက်ချက် တည်ဆောက်သွားရန် လိုကြောင်း၊ ဝန်ထမ်းမိသားစုများအတွက် ယာယီနေထိုင်မည့်နေရာများကို ဆောက်လုပ်ရာတွင်လည်း စနစ်တကျဖြင့်တည်ဆောက်ပေးသွားရန်နှင့် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သောက်ရေ၊ သုံးရေများ လုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ စားရေးအဆင်ပြေစေရေးအတွက်လည်း နိုင်ငံတော်မှစီစဉ်ဆောင်ရွက်ပေးထားကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❏ **အဆောက်အအုံများအား တစ်လုံးတည်းကြီးမားစွာတည်ဆောက်ခြင်းထက် အကန့်လိုက်၊ အလုံးလိုက်ခွဲ၍ တည်ဆောက်မည်ဆိုပါက ငလျင်ဒဏ်ကို ပိုမိုခံနိုင်မည်ဖြစ်၊ အဆောက်အအုံများ စတင်ဆောက်လုပ်စဉ်ကတည်းက ရေရှည်ခိုင်ခံ့စေရန်အတွက် လိုအပ်သည့် ရေလိုင်း၊ မီးလိုင်းများကိုလည်း စနစ်တကျ ထည့်သွင်းတွက်ချက် တည်ဆောက်သွားရန်လို၊ ဝန်ထမ်းမိသားစုများအတွက် ယာယီနေထိုင်မည့် နေရာများကို ဆောက်လုပ်ရာတွင်လည်း စနစ်တကျဖြင့် တည်ဆောက်ပေးသွားရန်နှင့် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအဆောက်အအုံးအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။


**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး https://sacoffice.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၄။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၅။ Myawady Webportal https://myawady.net.mm
၆။ Myanmar National Portal https://myanmar.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ဝန်ထမ်းအိမ်ရာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရစ်ချ်တာစကေး ၈ အထိခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် ဆောင်ရွက်သွားရမည်

နေပြည်တော် မေ ၁၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နေ့လယ်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်ဝန်ကြီးဌာန ရုံးအဆောက်အအုံများကို ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း၊ ရုံးများပြန်လည်ဖွင့်လှစ်ချိန်၌ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ရသည့်ပြည်သူများ၏ အဆောက်အအုံများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာအဆောက်အအုံများအလိုက် ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**အခြေခံပညာကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြင်ဆင်ပေးရန်လိုအပ်**

စာသင်ကျောင်းများနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများအား အမြန်ဆုံး ပြန်လည် ပြုပြင်တည်ဆောက်ပေးသွားရန်လိုကြောင်း၊ ကလေးငယ်များ ကျောင်းဖွင့်ချိန်၌ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ရန်လိုအပ်သည့် စာသင်ကျောင်းများအလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အဆောက်အအုံများ ကောင်းမွန်ခိုင်ခံ့မှုရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆေးရုံများနှင့် ပတ်သက်၍လည်း အချို့ဆေးရုံများကို စနစ်တကျဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း။

**ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရုံးဌာနအဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်စေရေး စနစ်တကျဖြင့် ပြန်လည်တည်ဆောက်ရန်**

အစိုးရရုံးဌာနများနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေရှိ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ အနက် ဖို့မြေပေါ်တွင်တည်ဆောက်ထားသည့် အဆောက်အအုံများမှာ ပိုမိုထိခိုက်ပျက်စီးသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် မြေစမ်းသပ်မှု (Soil Test) များ ဆောင်ရွက်ပြီးမှသာ အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တွက်ချက်၍ရသည့် ငလျင်ကြောပေါ်တွင်တည်ရှိနေသည့်အဆောက်အအုံများကို ပြောင်းရွှေ့နေရာချထားရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော်၏ မြို့အကွက်ချမှုပုံစံကိုလည်း ပြန်လည်တွက်ချက်ရေးဆွဲသွားရန် စီစဉ်နေကြောင်း၊ ငလျင်မကြာခဏ လှုပ်ခတ်လျက်ရှိသည့် နိုင်ငံများမှ အဆောက်အအုံများ တည်ဆောက်ထားရှိမှုများကိုနမူနာယူ၍ တည်ဆောက်မှုများ ဆောင်ရွက်သွားရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောနေရာများကို စနစ်တကျ သုတေသနပြုလုပ်သွားရန် လိုကြောင်း၊ ပြန်လည်တည်ဆောက်မည့် အဆောက်အအုံများသည် ငလျင်ဒဏ်ကိုခံနိုင်သည့် အဆောက်အအုံများဖြစ်ရန် လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်၍ အင်ဂျင်နီယာဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ပြီး ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုံးဌာန အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနည်းငယ်သာထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ဦးစားပေးအနေဖြင့် ပြုပြင်ဆောင်ရွက်သွားရန်လိုပြီး အင်ဂျင်နီယာများက စမ်းသပ်ပြီးမှသာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း။

ဝန်ထမ်းအိမ်ရာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရစ်ချ်တာစကေး ၈ အထိခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းမိသားစုများ ယာယီနေထိုင်လျက်ရှိသည့် နေရာများတွင်လည်း လုံခြုံမှုရှိစေရေးနှင့် နေထိုင်မှုများ အဆင်ပြေစေရေး အဘက်ဘက်မှကြည့်၍ စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယာယီနေထိုင်ရန်နေရာများ တည်ဆောက်ရာတွင် နှစ်ခန်းတွဲများသာ တည်ဆောက်ပေးသွားရန်လိုပြီး ရေ၊ မီးများ လုံလောက်စွာရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**ရထားလမ်းနှင့် မော်တော်ကားလမ်းများ ကောင်းမွန်အောင်ဆောင်ရွက်**

ရထားလမ်းနှင့် မော်တော်ကားလမ်းများနှင့်ပတ်သက်၍ ရထားလမ်းများကို ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်ပြုပြင်နိုင်ရေး အသေးစိတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ တံတားများကိုလည်း ဆက်လက်စစ်ဆေးသွားရန်လိုပြီး တံတားအတက်အဆင်းများ ချောမွေ့ပြေပြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းများအလိုက် သတ်မှတ်ထားသည့် မိုင်နှုန်းများအတိုင်း ချောမွေ့စွာ မောင်းနှင်နိုင်သည့် သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်းဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ ဆည်မြောင်းတာတမံများနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်နေရန်လိုကြောင်း၊ ရေမြောင်းများ ပျက်စီးမှုရှိ/မရှိကိုလည်း စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း။

ငလျင်လှုပ်ခတ်မှုကြောင့် အချို့နေရာဒေသအချို့တွင် ရေခန်းခြောက်မှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ အချို့နေရာများတွင် ရေများထွက်ရှိမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ နွေရာသီကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ရေများလုံလောက်စွာရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများက မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက်ပိုင်း နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်လျက်ရှိမှုအခြေအနေများနှင့် လေ့လာ

*စာမျက်နှာ ၇ သို့*

❖ **အခြေခံပညာကျောင်းများအား အမြန်ဆုံးပြန်လည်ပြုပြင် တည်ဆောက်ပေးသွားရန်လို၊ ကလေးငယ်များ ကျောင်းဖွင့်ချိန်၌ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားရမည်၊ ပြင်ဆင်ရန်လိုအပ်သည့် စာသင်ကျောင်းများအလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အဆောက်အအုံများ ကောင်းမွန်ခိုင်ခံ့မှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လို၊ ဆေးရုံများနှင့်ပတ်သက်၍လည်း အချို့ဆေးရုံများကို စနစ်တကျဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လို**




**ရှင်းလင်းတင်ပြ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများမှ ပြည်သူများ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

- ❖ **မိမိတို့နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောနေရာများကို စနစ်တကျသုတေသနပြုလုပ်သွားရန်လို၊ ပြန်လည်တည်ဆောက်မည့် အဆောက်အအုံများသည် ငလျင်ဒဏ်ကိုခံနိုင်သည့် အဆောက်အအုံများဖြစ်ရန်လို၊ အဆောက်အအုံများ တည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်၍ အင်ဂျင်နီယာဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ပြီး ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်သွားရန်လို၊ ရုံးဌာနအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အနည်းငယ်သာထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ဦးစားပေးအနေဖြင့် ပြုပြင်ဆောင်ရွက်သွားရန်လိုပြီး အင်ဂျင်နီယာများက စမ်းသပ်ပြီးမှသာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လို**
- ❖ **ငလျင်လှုပ်ခတ်မှုကြောင့် အချို့နေရာဒေသအချို့တွင် ရေခန်းခြောက်မှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ အချို့နေရာများတွင် ရေများထွက်ရှိမှုများ ဖြစ်ပေါ်လာခဲ့၊ နွေရာသီကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ရေများလုံလောက်စွာရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လို**

*စာမျက်နှာ ၆ မှ*

တွေ့ရှိချက်များ၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလျက်ရှိမှုနှင့် ဖြန့်ခွဲပေးလျက်ရှိမှုအခြေအနေများ၊ လမ်း၊ တံတားများပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်သွယ်မှုများ ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးခဲ့မှုနှင့် အဆင့်လိုက်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဝန်ကြီးဌာနများအလိုက် ရုံးဌာနအဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေများ၊ ယာယီဆေးရုံများ ဖွင့်လှစ်ကုသပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ငလျင်ဒဏ်ခံစားခဲ့ရသည့်ဒေသများမှပြည်သူများအနေဖြင့် ယာယီရွှေ့ပြောင်း နေထိုင်လျက်ရှိမှု အခြေအနေများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများအား ယာယီနေထိုင်ရေးနေရာများ၌ နေရာချထားပေးမှု၊ ယာယီနေထိုင်ရေးစခန်းများ၌ နေထိုင်လျက်ရှိသူများ၏ ကျန်းမာရေးအတွက် ကာလဝမ်းရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးသွားရန်လိုအပ်မှု၊ ငလျင်ဒဏ်သင့် ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများ စနစ်တကျပြုလုပ်ပေးသွားရန် လိုအပ်မှု၊ ငလျင်ဒဏ်သင့်ဒေသများတွင် ဈေးကားများဖြင့် ရောင်းချပေးလျက်ရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကအားဖြင့် လုပ်ငန်းများ မြန်မြန်ဆန်ဆန် ပြီးပြတ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အားလုံးတက်ညီလက်ညီဖြင့်ဆောင်ရွက်မည်ဆိုပါက အခက်အခဲများကိုအောင်မြင်စွာ ကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်း၊ ယနေ့အထိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအနေဖြင့် ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသလျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများမှ လာရောက်၍ ဖွင့်လှစ်ပေးထားသည့် ယာယီဆေးရုံများ၌လည်း ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိခိုက်မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူလာသည့် ပြည်သူများကို နိုင်ငံတော်မှကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ယခုအချိန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာမှလည်း ကူညီမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မေ ၁၇ ရက်၌ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အာဆီယံအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့ကြောင်း။

ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ရေရှည်ကိုမျှော်တွေးပြီး ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများအနေဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ဒီဇိုင်းများအတိုင်း ဆောင်ရွက်ခြင်းမရှိခဲ့မှုများအပေါ် ပြန်လည်စိစစ်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီး ညိုစော မန္တလေးမြို့ မဟာမုနိဘုရားကြီးအပါအဝင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီး ညိုစော Golden City Hotel အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၁၈**
နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီး ညိုစောတို့သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက် ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ဆပ်ကပ်လှူဒါန်းပြီး မဟာမုနိဘုရားကြီး ကိုယ်လုံးတော်နှင့် မကိုဋ်တော်ရှိ ရွှေသက်န်းများ ရောင်တော်ဖွင့်ခြင်း ဆောင်ရွက်နေမှုအား ကြည့်ရှုဖူးမြော်ကြည်ညိုသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားကြီးရှိ စမြင်နှင့်စောင်းတန်းနေရာများအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အပျက်အစီးများ ဖယ်ရှားရှင်းလင်းထားရှိမှု၊ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘုရားကြီးအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး ဘုရားကြီး၏ အရှေ့ဘက်စမြင်နေရာအား ယာယီဒေါက်တိုင်များ ထောက်၍ ပြင်ဆင်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဘုရားကြီး၏ သာသနိက အဆောက်အအုံများအား အင်ဂျင်နီယာကောင်စီမှ အထူး စစ်ဆေးရေးအဖွဲ့များဖြင့် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုချင်း၊ တိုင်တစ်တိုင်ချင်းအား အသေးစိတ် စစ်ဆေးသွားမည်ဖြစ်ပြီး ပြန်လည်အသုံးပြုနိုင်သည့် အဆောက်အအုံ၊ အကြီးစားပြင်ဆင်ရမည့် အဆောက်အအုံနှင့် အသုံးပြုရန် မသင့်သည့် အဆောက်အအုံများအဖြစ် POST EARTHQUAKE ASSESSMENT သတ်မှတ်ကာ စနစ်တကျ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

၎င်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ တပ်မတော်စည်သွတ်စက်ရုံသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စက်ရုံပြန်လည် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် မှာကြားသည်။ ထို့နောက် စက်ရုံရှိဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး သောက်သုံးရေ ဖူလုံစွာရရှိရေး၊ နေထိုင်စားသောက်မှု အဆင်ပြေစေရေးတို့နှင့် ပတ်သက်၍ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့အတွက် တာဝန်ရှိသူများကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအား လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၄) ရေစစ်ကန်၌ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုများအားလည်းကောင်း၊ Sky Villa နေရာတွင် အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

၎င်းနောက် မန္တလေးမြို့နန်းမြို့ရိုးရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော စည်ရှည်တံခါးနှင့် ကြေးမှုံတံခါးရှိ ပြအိုးများ ထိခိုက်ပျက်စီးမှု အခြေအနေများအားလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်ပြုပြင် ထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**အပျက်အစီးများဖယ်ရှားရှင်းလင်း**

ထို့နောက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ငလျင်ဒဏ်သင့်နေရာများရှိ အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အစည်းအဝေးတွင် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ပျက်စီးမှုနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးကို ဦးစားပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် နိုင်ငံတကာမှ လာရောက်ခဲ့ကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏အတွေ့အကြုံကောင်းများအား ရရှိခဲ့ပြီးဖြစ်၍ လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချဆောင်ရွက်ရန်နှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ ပြည့်စုံစွာ ကိုင်ဆောင် အသုံးပြုနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဦးစွာမှာကြားသည်။



ငလျင်ဒဏ်သင့်နေရာများရှိ အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောက မိုးရာသီရောက်ရှိတော့မည် ဖြစ်သဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ပြီး ပြည်သူလူထု အခက်အခဲမရှိ အဆင်ပြေကောင်းမွန်စွာ နေထိုင်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ထားရှိရမည် ဖြစ်ကြောင်း၊ ဆေးဝါးမှအစ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးထားရမည်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဆောက်လုပ်ရေးပစ္စည်းများ လိုအပ်ချက်ရှိနိုင်မည်ဖြစ်သည့်အတွက် လိုအပ်ချက်များအား အချိန်မီ တင်ပြတောင်းခံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဘိလပ်မြေလိုအပ်ချက်နှင့်ပတ်သက်၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ယာယီရုံးခန်းများဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် ကော်မတီများစနစ်တကျဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့် အဆောက်အအုံများအားလည်း အုပ်ချုပ်မှုအဆောက်အအုံ၊ အခြားအဆောက်အအုံ၊ အထူးအဆောက်အအုံဟူ၍ အပိုင်းလိုက် ခွဲခြားသတ်မှတ်ပြီး ပျက်စီးမှု အဆင့်အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ပြုပြင်ဆောင်ရွက်မှုများ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံများ ပြုပြင် ဆောင်ရွက်ရာတွင်လည်း Standard Operating Procedure (SOP)အရ ငလျင်ဒဏ်ခံနိုင်အောင် စနစ်တကျ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နောင်အဆောက်အအုံအသစ်များ ဆောက်လုပ်ရာတွင် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ ပုဂ္ဂလိကပိုင် အဆောက်အအုံများ၊ အလှူရှင်များမှ ဆောက်လုပ် လှူဒါန်းသည့် အဆောက်အအုံများ စသည်ဖြင့် မည်သည့် အဆောက်အအုံများ ဆောက်လုပ်သည်ဖြစ်စေ ရစ်(ခ်)တာစကေး ၈ အထိ ငလျင်ဒဏ်ခံနိုင်သည့် Standard Operating Procedure(SOP)များအတိုင်း လိုက်နာ ဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံများ ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံး စတင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အစိုးရရုံးလုပ်ငန်းပိုင်းဆိုင်ရာများအနေဖြင့်လည်း ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်အောင် ယာယီရုံးခန်းများ ဖွင့်လှစ်၍ စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီး ညိုစောတို့သည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးမြို့ မြို့ပတ်လမ်းနေရာသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် လမ်းပိုင်းနေရာအား ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ ပဉ္စမအကြိမ်မြောက် မြန်မာနှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲကျင်းပ

ပဲခူး မေ ၁၈

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ မေ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ညပိုင်းတွင် ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ ပဉ္စမအကြိမ်မြောက် မြန်မာနှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲ ကျင်းပသည်။**

ဦးစွာ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ် ကျောင်းတိုက်မှ ဘဒ္ဒန္တသုနန္ဒ (သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်က "အသေမြန်လှ လူ့ဘဝ ကုသိုလ်ပြုမှတော်လိမ့်မည်" တရားခေါင်းစဉ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အမှူးပြုသော တရားနာပရိတ်သတ်များ တရားတော်နာယူ၍ ဓမ္မပူဇာအလှူငွေကျပ်သိန်း ၆၀ နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ မြန်မာနှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲကို မေ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မေ ၁၈ ရက်တွင် ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တသူရိယ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကလည်းကောင်း၊ မေ ၁၉ ရက်တွင် ပဲခူးမြို့ သာသနာ့ဇောတိက စာသင်တိုက် ဘဒ္ဒန္တဇနိတ (သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ကလည်းကောင်း တရားရေအေးအမြိုက်ဆေးများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြစ်ကြီးနားမြို့ရှိ အသက်(၇၈)နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ပူဇော်ကန်တော့ပွဲပြုလုပ်



**နေပြည်တော် မေ ၁၈**

၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၂ ရက်နေ့ အထိမ်းအမှတ်အဖြစ် မြစ်ကြီးနားမြို့ရှိ အသက် (၇၈) နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့များအား မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့ရှိ သက်ကြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက အသက် (၇၈) နှစ်အထက် အပူဇော်ခံ သက်ကြီးစစ်မှုထမ်းဟောင်းများအား ရှိခိုးကန်တော့၍ ကန်တော့ခံပစ္စည်းများ ပေးအပ်ရာ သက်ကြီးစစ်မှုထမ်းဟောင်းများကိုယ်စား စစ်မှုထမ်းဟောင်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အပူဇော်ခံ သက်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌက ကန်တော့ခံပစ္စည်းများနှင့် အလှူငွေများ လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အပူဇော်ခံ သက်ကြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် မေ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

*❂ ကျောဖုံးမှ*

ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာ ဌာနအလိုက် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ထိန်းသိမ်းစစ်ဆေးသည့် စာရင်းဇယား၊ အချက်အလက်များ မှန်ကန်ပြည့်စုံစေရေးနှင့် ၎င်းတို့၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး စနစ်တကျ ဆောင်ရွက်ထားရှိရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၈ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၇၂၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်များ ရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေးလွှဲပြောင်းပေးလျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြံသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး အားထည့်ကြိုးစားပေး

ဥမ္မာစိုး (Sugar Land)

မြန်မာနိုင်ငံသည် ရေမြေသဘာဝအရ ကြံသီးနှံဖြစ်ထွန်းမှုအနေအထားရှိခြင်း၊ လူသားအရင်းအမြစ်အရလုပ်ခစရိတ်သက်သာခြင်း၊ ကြံစိုက်ပျိုး၊ သကြားထုတ်လုပ်မှုဆိုင်ရာနည်းပညာကျွမ်းကျင်သူများ အထိုက်အလျောက်ရှိခြင်းနှင့် သကြားလိုအပ်ချက်ရှိနေသည့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ ရောင်းချနိုင်သည့် ဈေးကွက်အလားအလာရှိခြင်းတို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုတွင် နှစ်စဉ် ဧက လေးသိန်းကျော်စိုက်ပျိုးလျက်ရှိပြီး အထွက်နှုန်းအနေဖြင့် ပျမ်းမျှ ၂၇ တန်ခန့် ထွက်ရှိသဖြင့် နိုင်ငံတော်ကသတ်မှတ်ထားသည့် ကြံသီးနှံ၏ ပန်းတိုင်အထွက်နှုန်းဖြစ်သော တစ်ဧကတန် ၃၀ ရရှိရေး နီးစပ်နေပြီဖြစ်ရာ ပန်းတိုင်အပြည့်အဝ ရရှိရေး ကြိုးပမ်း၍ ဦးတည်ဆောင်ရွက်ရမည်ဖြစ်ပါသည်။



ကြံသီးနှံစိုက်ခင်း

**၁။ မျိုးရွေးချယ်ခြင်း**

ရေမြေဒေသနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သော အထွက်ကောင်းမျိုးကို ရွေးချယ်စိုက်ပျိုးရပါမည်။ အပင်သက် ၁၀ လထက်မပိုသော မျိုးဖြစ်လျှင် ပို၍သင့်တော်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနရှိ ကြံသီးနှံသုတေသနခြံများမှမျိုးစပ်၍ ကိုယ်ပိုင်မျိုးထုတ်လုပ်ခြင်း၊ ပြည်ပကြံမျိုးကောင်းများ တင်သွင်းစမ်းသပ်ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်ပြီး အထွက်ကောင်းကြံမျိုးများကို ကြံမျိုးသန့်အဖြစ် တစ်သျှူးနည်းဖြင့် မျိုးသန့်ထုတ်လုပ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနက အထွက်ကောင်းကြံမျိုးများအနေဖြင့် တရားဝင်ထုတ်ဝေထားသော အထွက်ကောင်းကြံမျိုးများမှာ နေပြည်တော်-၁၊ နဝဒေး-၂၊ နဝဒေး-၄၊ နဝဒေး-၅၊ ပျဉ်းမနား-၆၊ ပျဉ်းမနား-၇၊ ပျဉ်းမနား-၈၊ ပျဉ်းမနား-၉ မျိုးတို့ဖြစ်ပါသည်။

**၂။ မြေပြုပြင်ခြင်း**

ကြံသီးနှံသည် မြေချဉ်ငန်ဓာတ် ၅ ဒသမ ၅ မှ ၇ ဒသမ ၅ အတွင်းရှိသောမြေတွင် စိုက်ပျိုးနိုင်ပြီး အကောင်းဆုံးမြေချဉ်ငန်ဓာတ်မှာ ၆ မှ ၆ ဒသမ ၅ အတွင်းဖြစ်ပါသည်။ ကြံသီးနှံစိုက်ပျိုးရန် အကောင်းဆုံးမြေမှာ နုန်းမြေနှင့် သဲနုန်းမြေဖြစ်သော်လည်း သဲအလွန်ဆန်သော မြေမှလွဲ၍ ကျန်မြေအမျိုးအစားများတွင်လည်း စိုက်ပျိုးနိုင်ပါသည်။

ကြံပင်၏ ၇၅ ရာခိုင်နှုန်းသော အမြစ်များသည် မြေအောက် တစ်ပေမှ တစ်ပေခွဲအတွင်း ကြီးထွားပွားများနိုင်သဖြင့် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်ထွန်ယက်ပေးရန်လိုအပ်ပါသည်။ မြေအမျိုးအစားအလိုက် စွမ်းအားမြင့်ထွန်စက်များဖြင့် ထယ် ၂-၃ လှေ၊ ထွန် ၃ - ၄ လှေဖြင့် ထယ်ရေးကောင်းရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာ အပင်ပေါက်နှုန်းကောင်းစေရန်အတွက် မြေအစိုဓာတ် ထိန်းနိုင်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ပေါင်းမြက်များနှိမ်နင်းနိုင်ခြင်းနှင့် ကြံပင်ကြီးထွားဖွံ့ဖြိုးမှုနှင့် ယိုင်လဲမှုမှကာကွယ်ရန်အတွက် အမြစ်ဆင်းမှုကောင်းပြီး ရေနှင့်အာဟာရကို ကောင်းစွာစုပ်ယူနိုင်မည် ဖြစ်ပါသည်။ ထယ်ထိုးပြီး မြေအစိုဓာတ်များနေပါက တစ်ပတ်ခန့်လှပ်ပေးထားရပါမည်။ ထွန်ယက်စဉ် မြေခံအဖြစ်နွားချေး၊ သဘာဝမြေဩဇာလည်း ၁၀စီးမှ အစီး၂၀ ခန့် ဖြန့်ထည့်ပေးရပါမည်။အစိုဓာတ်ဆုံးရှုံးမှုနည်းပါးစေရန် ကြမ်းရိုက်ပေးရပါမည်။ ချက်ချင်း စိုက်မြောင်းဖော်စိုက်ပျိုးခြင်းမပြုဘဲ မြေတွင်းအစိုဓာတ်ပေါ်မူတည်၍ နှပ်ထယ်ရေးရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။ ကြံသီးနှံတစ်မျိုးတည်းကိုသာ နှစ်စဉ် စိုက်ပျိုးခဲ့သောမြေဖြစ်ပါက မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်အတွက် သီးလှည့်စိုက်ပျိုးခြင်းနှင့် မြေကိုအနားပေး၍ သစ်စိမ်းမြေဩဇာ စိုက်ပျိုးမြေမြှုပ်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

**၃။ စိုက်ပျိုးခြင်း**

**စိုက်ချိန်** - ကြံသီးနှံသက်တမ်းမှာ ပျမ်းမျှတစ်နှစ်ဖြစ်ပြီး အေးမြခြောက်သွေ့သောအချိန်တွင် ရင့်မှည့်သဖြင့် စိုက်ချိန်၊ ခုတ်ချိန် တစ်ထပ်တည်းကျပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ မြေပြန့်ဒေသများတွင် ကြံစိုက်ပျိုးရန် အသင့်တော်ဆုံးအချိန်မှာ အစိုဓာတ်ထိန်းသိမ်းနိုင်သော အချိန်ဖြစ်သည့် နိုဝင်ဘာလလယ်မှ ဇန်နဝါရီလအထိ အကောင်းဆုံးဖြစ်ပါသည်။ အအေးလွန်ကဲသော တောင်ပေါ်ဒေသတွင် ဖေဖော်ဝါရီလမှ မေလအထိထားပြီး စိုက်ပျိုးမှ ကြံသီးနှံအပင်ပေါက် ကောင်းစေသည့် ပတ်ဝန်းကျင်ကို ရရှိမည်ဖြစ်ပါသည်။ ထိုဒေသများတွင် ကြံစိုက်မြောင်း၌ ပလတ်စတစ်အုပ်စိုက်ပျိုးပါက ပုံမှန်စိုက်ပျိုးချိန် ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင်လည်း စိုက်ပျိုးပါက သတ်မှတ်အထွက်နှုန်း ရရှိနိုင်ပါသည်။ စိုက်ချိန်နောက်ကျခြင်း၊ မြေတွင်းအစိုဓာတ်လျော့နည်းခြင်းဖြစ်ပေါ်ပါက ရေသွင်းစိုက်ပျိုးပေးရပါမည်။

**စိုက်တန်းအကွာအဝေး** - စိုက်ပျိုးသည့် မြေဆီလွှာ၏ အဆင့်အတန်း၊ ဒေသရာသီဥတုအခြေအနေ၊ စက်ကိရိယာအသုံးပြုနိုင်မှု၊ ကြံမျိုး၏ပင်ပွားထွက်နိုင်မှုစွမ်းရည်၊ ပေါင်းပေါက်ရောက်မှု အခြေအနေ၊ ပေါင်းသတ်ဆေးနှင့် ပေါင်းရှင်းကိရိယာအသုံးပြုနိုင်မှု၊ တောင်သူမိသားစုလုပ်အား အသုံးချနိုင်မှု စသည်တို့အပေါ်မူတည်၍ စိုက်တန်းအကွာအဝေးအား ၂ ဒသမ ၅ ပေမှ ၅ ပေအထိ စိုက်ပျိုးနိုင်ပါသည်။

**မျိုးပိုင်းဆေးရည်စိမ်ခြင်း** - ပိုးမွှားကင်းစင်သော ကြံမျိုးချောင်းများအား နှစ်ဆစ် (သို့မဟုတ်) သုံးဆစ်ပိုင်းဖြတ်ပြီး ကြံမျိုးပိုင်းများကို မှိုရောဂါကာကွယ်ရန် မှိုသတ်ဆေး ၁၀၀ ဂရမ်ကို ရေ ၂၂ ဂါလန်တွင် နာရီဝက်ခန့် (သို့မဟုတ်) ထုံးလေးပိဿာကို ရေဂါလန် ၁၀၀ တွင်ဖျော်၍ နှစ်နာရီခန့် စိမ်ပြီး စိုက်ပျိုးရပါမည်။

**မျိုးနှုန်းထားနှင့်မျိုးပိုင်းချစိုက်ပျိုးခြင်း** - မျိုးအသုံးပြုရာတွင်လည်း ကြံစိုက်တန်းအကွာအဝေးနှင့် စိုက်ပျိုးမှုနည်းစနစ်အပေါ် မူတည်ပြီး တစ်ဧကလျှင် ကြံမျိုးလေး-ငါးတန်အထိ အသုံးပြုရမည် ဖြစ်ပါသည်။ ပန်းတိုင်အထွက် တန် ၃၀နှင့်အထက် ရရှိစေရန် တစ်ဧကတွင် ခုတ်သိမ်းနိုင်သော ကြံချောင်းအရေအတွက် ၂၀၀၀၀-၂၅၀၀၀ နှင့် ကြံတစ်ချောင်းအလေးချိန် ၉၅ ကျပ်သား - ၇၅ ကျပ်သားခန့်ရှိရန် လိုအပ်ပါသည်။ မျိုးအဖြစ်အသုံးပြုသော ကြံမျိုးချောင်းများသည် ပိုးမွှားရောဂါကင်းစင်ပြီး ကြံချောင်းကို သုံးပုံပုံလျှင် အပေါ်ပိုင်း နှစ်ပုံကိုသာ မျိုးအဖြစ်အသုံးပြုသင့်ပါသည်။ ဖြစ်နိုင်လျှင် မျိုးကြံခင်းသီးသန့်စိုက်ပျိုး၍ အသုံးပြုစိုက်ပျိုးပါက ကြံတစ်ချောင်းလုံး အသုံးပြုနိုင်ပါသည်။ ကြံမျိုးပိုင်းချရာတွင် ကြံမျက်စိများကို ဘေးတစ်ဖက်တစ်ချက်ထား၍ စိုက်ပျိုးရပါမည်။ မျိုးပိုင်းချပြီးက မြေဖုံးကြမ်းရိုက်ပေးရပါမည်။

**၄။ အပင်ပြုစုခြင်း**

**မြေဩဇာထည့်ခြင်း** - ကြံတစ်ဧက တန် ၃၀ ထွက်ရှိရန်အတွက် ယူရီးယား ၁ ဒသမ ၅ အိတ်၊ တီစူပါတစ်အိတ်နှင့် ပိုတက်ရှ် ၂ ဒသမ ၅ အိတ် လိုအပ်ပါသည်။ မြေခံတွင် ယူရီးယား ၀ ဒသမ ၅ အိတ်၊ တီစူပါတစ်အိတ်၊ ပိုတက်ရှ် ၀ ဒသမ ၅ အိတ်နှင့် ကျန်သောပမာဏ ယူရီးယားတစ်အိတ်၊ ပိုတက်ရှ် နှစ်အိတ်ကို ပေါင်လုံးချိန် အပြီးထည့်ပေးရမည်။ ကျွေးရမည့် မြေဩဇာပမာဏကို နှစ်ကြိမ်၊ သုံးကြိမ်ခွဲကျွေးပါက အပင်အတွက် ပို၍အကျိုးရှိပါသည်။ မြေဆီလွှာဓာတ်ခွဲစစ်ဆေးပြီး လိုအပ်သော ပမာဏကို တွက်ချက်ထည့်ပေးနိုင်ပါက ကုန်ကျစရိတ်သက်သာပြီး ပိုမိုထိရောက်မှုရှိသည်။ သဘာဝမြေဩဇာ (ကြံမြှုပ်ချေး၊ နွားချေး)တို့ကို တစ်ဧကလျှင် နှစ်-သုံးတန်နှုန်းဖြင့် ဓာတ်မြေဩဇာနှင့် တွဲဖက်ထည့်သွင်းပေးရပါမည်။

**ရေသွင်းခြင်း** - ကြံသီးနှံသည် ရေလုံလောက်စွာ လိုအပ်သော သီးနှံဖြစ်ပါသည်။ ရာသီဥတု အခြေအနေကြောင့် စိုက်ချိန်အစိုဓာတ်နည်းပါက ရေသွင်းစိုက်ပျိုးရန် လိုအပ်ပါသည်။ ရေလိုအပ်ချိန်(သို့) ရေငတ်ချိန်ဖြစ်သော ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် အနည်းဆုံးရေ နှစ်ကြိမ်-သုံးကြိမ် မဖြစ်မနေ ပေးသွင်းရမည်။ မိုးများသော ဒေသများတွင် ရေဝပ်ပါက အပင်ယိုင်လဲမှုမရှိစေရန်နှင့် ကြီးထွားမှုမရပ်တန့်စေရန်အတွက် ရေထုတ်မြောင်းများပြုလုပ်၍ မဖြစ်မနေ ရေထုတ်ပေးရပါမည်။

**ပင်သေပင်ပျောက်ဖာခြင်း** - မျိုးပိုင်းချ စိုက်ပျိုးပြီး တစ်လမှ တစ်လခွဲအကြာ ကြံပင်ပေါက်စုံ၊ မစုံစစ်ဆေး၍ ပင်သေပင်ပျောက်နေရာများနှင့် ၁ ဒသမ ၅-နှစ်ပေအကွာ ကွက်လပ်ဖြစ်ပါက ပျိုးပင်ငယ်များဖြင့် ဖာထေးစိုက်ပျိုးပေးရမည်။ ကြံပင်ပေါက်ရာခိုင်နှုန်း ၆၀ ရာခိုင်နှုန်း ရှိသင့်ပါသည်။

**ပိုးမွှား၊ရောဂါနှင့်ပေါင်းကာကွယ်ခြင်း**- ပိုးမွှား၊ ရောဂါကျရောက်မှုရှိမရှိကို ကြံပင်သက်တမ်းတစ်လျှောက်စစ်ဆေး၍ လိုအပ်ပါက ပိုးသတ်ဆေးသုံး၍လည်းကောင်း၊ နုတ်ယူမီးရှို့ဖျက်ဆီး၍လည်းကောင်း၊ ဇီဝနည်းဖြင့် နှိမ်နင်း၍လည်းကောင်း၊ ဘက်စုံ ပိုးမွှားကာကွယ်ခြင်းဖြင့်လည်းကောင်း ကာကွယ်နှိမ်နင်းနိုင်ပါသည်။ ပေါင်းပင်ကို မြေယာပြုပြင်ခြင်းဖြင့်လည်းကောင်း၊ စိုက်ပျိုးနည်းဖြင့်လည်းကောင်း၊ ပေါင်းသတ်ဆေးအသုံးပြုခြင်းဖြင့်လည်းကောင်း၊ စက်ကိရိယာသုံး၍လည်းကောင်း၊ လူဖြင့်လည်းကောင်း မြေဩဇာမကျွေးမီကာလအတွင်း ကာကွယ်နှိမ်နင်းရမည်။ ပေါင်လုံးပြီးချိန်မှ မခုတ်ခင်အချိန်အထိ နွယ်ပေါင်းများရှိပါက နှိမ်နင်းပေးရမည်။

**ကြံရွက်ချခြင်း** - ကြံပင်လေဝင်လေထွက်ကောင်းပြီး ရင့်မှည့်မှုညီညာရန်၊ မီးဘေးအန္တရာယ်မှကာကွယ်ရန်၊ ခုတ်သိမ်းရလွယ်ကူရန်နှင့် ပိုးမွှား၊ ရောဂါခိုအောင်းခြင်းမှကာကွယ်ရန် ကြံပင်ကြီးထွားချိန်နောက်ပိုင်း ကြံရွက်ခြောက်များကို ကြံရွက်ချခြင်း ဆောင်ရွက်ရပါမည်။

*စာမျက်နှာ ၁၁ သို့*

❁ **ကြံသီးနှံသည် မြေချဉ်ငန်ဓာတ် ၅ ဒသမ ၅ မှ ၇ ဒသမ ၅ အတွင်းရှိသော မြေတွင် စိုက်ပျိုးနိုင်ပြီး အကောင်းဆုံးမြေချဉ်ငန်ဓာတ်မှာ ၆ မှ ၆ ဒသမ ၅ အတွင်းဖြစ်ပါသည်။ ကြံသီးနှံစိုက်ပျိုးရန် အကောင်းဆုံးမြေမှာ နုန်းမြေနှင့် သဲနုန်းမြေဖြစ်သော်လည်း သဲအလွန်ဆန်သော မြေမှလွဲ၍ ကျန်မြေအမျိုးအစားများတွင်လည်း စိုက်ပျိုးနိုင်**

❁ **တောင်သူများဝင်ငွေတိုးစေရေး နိုင်ငံတော်မှ ပန်းတိုင်အထွက်နှုန်းတိုးစေရေးနည်းပညာများပေးခြင်း၊ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးခြင်း၊ ကြံစိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေးကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့်အတွက် တန် ၃၀ အထွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်**

# အင်းစိန်မြို့နယ်၌ တတိယအကြိမ်မြောက် အသက် ၉၅ နှစ်နှင့်အထက် သက်ကြီး အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်အတွင်းရှိ အသက် ၉၅ နှစ်နှင့်အထက် သက်ကြီး အဘိုး အဘွား ၄၅ ဦးတို့အား ပူဇော်ကန်တော့ခြင်း



အခမ်းအနားကို ဧပြီ ၁၇ ရက်က သာသနာ့ဗိမာန်အသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဦးဆောင်၍ သက်ကြီးပူဇော်ကန်တော့ချီးဖြင့် သက်ကြီးအဘိုး အဘွားများအား ကန်တော့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုံးမဩဝါဒစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကန်တော့ခံ အဘိုး အဘွားများထံသို့ တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများနှင့် ကန်တော့ငွေကျပ် ၄၅၀၀၀ တို့ကို တစ်ဦးချင်း ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် သက်ကြီး အဘိုးအဘွားများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်



# အောင်လံမြို့၌ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲ ကျင်းပ

**အောင်လံ ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲ အခမ်းအနားကို ယမန်နေ့က အောင်လံမြို့ တရော်ကုန်းရပ်ကွက် သရက်မော်တော်ဆိပ်၌ကျင်းပပြီး ဘေးမဲ့ငါးများကို ရေဝတီမြစ်အတွင်းသို့ လွှတ်ခဲ့ကြသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ထွေအုပ်မှ ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြပြီး ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀ ကို ဇီဝိတဒါန လွှတ်ပေးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

# ညောင်ရွှေမြို့နယ်၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ကျေးရွာများ၌ သောက်သုံးရေရရှိရေးဆောင်ရွက်

**တောင်ကြီး ဧပြီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ကျေးရွာများ၌ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက အင်းလေးဒေသရှိ နန်းသဲကျေးရွာ၊ ဆီဆုံရှေ့ကျေးရွာ၊ ဆီတုံနောက်ကျေးရွာ၊ ရှေ့ဝကြီးကျေးရွာ၊ အိုင်ဒေါ်ကြီးကျေးရွာ၊ ကေလာကျေးရွာ၊ ရွာမအုပ်စုအတွင်းရှိ ကျေးရွာရှစ်ရွာနှင့် မကျည်းဆိပ်ကျေးရွာတို့၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းအသစ်တူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်လုပ်ငန်းပြုပြင်ခြင်း၊ ဆိုလာရေတင်ပန့်များတပ်ဆင်ခြင်း၊ ရေသန့်စက်များအသစ်တပ်ဆင်ပေးခြင်း၊ ပျက်စီးရေသန့်စက်များ ပြုပြင်ခြင်း၊ ရေပိုက်များထောက်ပံ့ခြင်းနှင့် ရေလှောင်ကန်ပုံးကြီးများထောက်ပံ့ခြင်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ကျေးရွာများရှိ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ



ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ရွှေမြို့နယ်အတွင်းရှိ သဘာဝဘေးအန္တရာယ် ငလျင်လှုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အင်းလေးဒေသ ကျေးရွာ ၂၁ ရွာတွင် ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေများဖူလုံစွာ ရရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

# ပေါင်းတည်၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကျင်းပ

**ပေါင်းတည် ဧပြီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ပေါင်းတည်မြို့ ရွှေတောင်လမ်း မင်္ဂလာကန်တော်၌ ဧပြီ ၁၇ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်ဇနီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ရွာပြည်သူများစုပေါင်း၍ ငါးကြင်းကောင်ရေ ၅၀၀၀ ကို မင်္ဂလာကန်တော်အတွင်း ဘေးမဲ့လွှတ်ကာ ဇီဝိတဒါနပြုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကော့မှူးမြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

**ကော့မှူး ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား ပူဇော်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၇ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် ဖလေးချောင်းတို့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် တာဝန်ရှိသူများက အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၄၆ ဦးတို့အား လှူဖွယ်ပစ္စည်းများနှင့် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ တို့ကို လှူဒါန်းပြီး အခမ်းအနားမတက်ရောက်နိုင်သည့် ဘိုးဘွားများအား နေအိမ်အရောက် သွားရောက်လှူဒါန်းပေးခဲ့သည်။

ဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲတွင် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထွန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မြို့ပေါ်ခုနစ်ရပ်ကွက်မှ ပြည်သူများက ဖလေးချောင်းအတွင်း ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀ ခန့် လွှတ်ပေးခဲ့သည်။ ထို့နောက် ဆရာတော် သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)

*စာမျက်နှာ ၁၀ မှ*

**၅။ ကြံခုတ်သိမ်းခြင်း**

ကြံခုတ်သိမ်းရာတွင် စိုက်ပျိုးထားသော မျိုးအလိုက် မှန်ကန်စွာခုတ်သိမ်းနိုင်ရန် ရင့်မှည့်ချိန်ကို ကွင်းထဲတွင် ခန့်မှန်းတိုင်းတာသော ကြံရည်ပျစ်၊ ကျဲနှုန်းတိုင်းကိရိယာဖြစ်သည့် ရီဖရက်တိုမီတာဖြင့် ကြိုတင်တိုင်းတာစစ်ဆေး၍ ခုတ်သိမ်းခြင်း ဆောင်ရွက်ရမည်။ မျိုးအတွက် ခုတ်သိမ်းမည်ဆိုပါက သက်တမ်း ၁၀ လသားအတွင်း ခုတ်သိမ်းရပါမည်။ ကြိတ်ဝါးကြံအတွက် ကြံပေးသွင်း ရောင်းချချိန်နှင့် ချိန်ကိုက်၍ နေ့စဉ်လိုအပ်သောပမာဏကိုသာ ခုတ်သိမ်းရမည်။ အလေအလွင့်မရှိစေရန် ကြံပင်ခြေမြေကြီးနှင့်ကပ်၍ ခုတ်သိမ်းခြင်း၊ အဖျားပိုင်းများ၊ ကြံရွက်ခြောက်များ၊ အမြစ်များ ပါမသွားစေရန်နှင့် ကောက်သင်းကောက်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ရပါမည်။ ခုတ်သိမ်းပြီးရင့်မှည့်သန့်စင်သော ကြံများကို စက်ရုံ၊ ကြိတ်ဖိုသို့ ၄၈ နာရီထက် နောက်မကျစေဘဲ ပေးပို့ကြိတ်ဝါးရပါမည်။ စိုက်ခင်းအဆင့်တွင် ကြံခင်းကို မီးမရှို့ဘဲ ခုတ်သိမ်းရပါမည်။ မီးရှို့ပါက ကြံရည်၏အချိုဓာတ်ကို လျော့ကျစေသောကြောင့်ဖြစ်ပါသည်။ မီးလောင်ကြံဖြစ်ပါက စက်ရုံ၊ ကြိတ်ဖိုသို့ ၂၄ နာရီထက် နောက်မကျစေဘဲ ပေးပို့ကြိတ်ဝါးရပါမည်။

တောင်သူများဝင်ငွေတိုးစေရေး နိုင်ငံတော်မှ ပန်းတိုင်အထွက်နှုန်းတိုးစေရေး နည်းပညာများပေးခြင်း၊ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးခြင်း၊ ကြံစိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေးကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့်အတွက် တန် ၃၀ အထွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဧပြီ ၁၈

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပညာရှင်စေတီ၊ ဥမင်ကိုးဆယ်စေတီ၊ သီတဂူကျောင်းတိုက်နှင့် ထွင့်ခေါင်ရပ်ကွက်ရှိ ရတနာထွင့်ခေါင်စေတီများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများနှင့် ကျောင်းဆောင်အဆောက်အအုံများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်း၍ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က ငလျင်ဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ကျောင်းဆောင်အဆောက်အအုံများကို လည်းကောင်း၊ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့မှ Col. Nurul ဦးဆောင်သည့် ဆေးကုသရေးအဖွဲ့များကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့လည်းကောင်း၊ နန်းဦးမြို့သစ်ရှိ ဓမ္မသီတလကျောင်းတိုက်နှင့် သောတပန်ရပ်ကွက်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်များတွင် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိကအဆောက်အအုံများကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး **(ယာပုံ)** လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မြို့ဦးရပ် ဇော်ဂျီမြစ်ဘေးရှိ ငလျင်ဒဏ်ကြောင့် မြေများအက်ကွဲမှုဖြစ်ပေါ်ခဲ့သည့် လူနေရပ်ကွက်နေရာများ၌ မိုးရွာသွန်းမှုများကြောင့် ဇော်ဂျီမြစ်ရေတိုး၍ မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်မှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ နေအိမ်များထပ်မံထိခိုက်မှုမဖြစ်ပေါ်စေရေးနှင့် ရေတိုက်စားမှု ထပ်မံမဖြစ်ပေါ်စေရေးအတွက် လိုအပ်မည့် မြစ်ကြောင်းထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစ်ကြောင်းဖြောင့်ခြင်း၊ မြစ်ကြောင်းစီးဆင်းမှု အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခြင်း၊ မြစ်ကမ်းပါးတစ်လျှောက် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ မြစ်ကမ်းပါးတစ်လျှောက် ရေတိုက်စားမှုဒဏ်ကာကွယ်နိုင်မည့် သစ်ပင်များ စိုက်ပျိုးခြင်း၊ မြစ်တစ်ဖက်ကမ်းရှိ သောင်စွယ်ကို ဖြတ်ထုတ်၍ ရေစီးကြောင်းဦးတည်ရာပြောင်းလဲစေခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်းနှင့် လိုအပ်သော မြစ်ကြောင်းထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်သွားရန် လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကျောက်ဆည်မြို့အတွင်းရှိ ငလျင်ဒဏ်ခံခဲ့ရသော အဆောက်အအုံများမှ အန္တရာယ်ရှိအဆောက်အအုံများ ရှင်းလင်းဆောင်ရွက်နေမှုများကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်မြို့အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အန္တရာယ်ရှိအဆောက်အအုံများအနက် အလုံး ၄၀ ကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အအုံ ၂၃ လုံးကို အင်တိုက်အားတိုက်ဖြင့် အမြန်ဆုံးရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာကြီး၏ အန္တရာယ်ဇုန်အတွင်း ကျရောက်နေသော မြို့မဈေးကြီးသည် လတ်တလောဖွင့်လှစ်နိုင်ခြင်း မရှိသေးသဖြင့် ယာယီဈေးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်နိုင်မည့် စည်ပင်သာယာရေးပိုင်နယ်နိမိတ်ဖြစ်သော ဖောင်းရွာရပ်ကွက်ရှိ ၂၀ ဒသမ ၅၆ မြေကေအကျယ်ရှိ ဖောင်းရွာကွင်းကို လည်းကောင်း၊ ရွှေသာလျောင်းတောင်ပေါ်ရှိကျောက်သေတ္တာကြီး တည်ရှိနေမှုအခြေအနေ CCTV မှတ်တမ်းအား အသေးစိတ်ကြည့်ရှုပြီး သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းရွှေမုဋ္ဌောဘုရားအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက အသေးစိတ်စစ်ဆေးနေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိ သူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့အေးမြကြည်လင်ရပ်ကွက် အေးမြကြည်လင်ဈေးရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဈေးမုခ်ဦးနှင့်အဆောက်အအုံများအား ရှင်းလင်းဆောင်ရွက်ပြီးစီးမှုနှင့် ဈေးပုံမှန်ပြန်လည်ရောင်းချနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဓမ္မာဓိပတျာလင်္ကာရ အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများအား ကြည့်ရှု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍တောင်သမန်ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများအားကြည့်ရှုပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် ဧပြီ ၁၈**

ဘူတန်ဘုရင့်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ Dasho Tashi Wangyal ခေါင်းဆောင်သောအဖွဲ့ဝင် ၃၆ ဦးတို့သည် ဒုတိယအသုတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဘူတန်ဘုရင့်နိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်ထွန်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီမှတာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဘူတန် ဆေးအဖွဲ့တွင် အဖွဲ့ဝင် ၈၇ ဦးပါဝင်ပြီး ယင်းတို့အနက် အဖွဲ့ဝင် ၅၁ ဦးသည် ပထမအသုတ်အဖြစ် ယမန်နေ့က ဘူတန်ဘုရင့်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြပြီး ဖြစ်သည်။ ဘူတန်ဆေးဘက်ဆိုင်ရာ အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံ (ပေါင်းလောင်း)တွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆရာဝန်၊သူနာပြုနှင့်ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ ဧပြီ ၃ ရက်မှ ၁၆ ရက်အထိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၅၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။ အဆိုပါ ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများတွင် ပြည်ပနိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များက အသက်ရှင်သူ ၈ ဦးနှင့် သေဆုံးသူ ၂၀၃ ဦးတို့အား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့သည်။ ပြည်ပနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် လူပုဂ္ဂိုလ် ၄၅ ဦးတို့မှလည်း ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ငလျင်ဒဏ်သင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီလ ၁၈ ရက်နေ့ နံနက် ၇ နာရီအထိ နိုင်ငံပေါင်း ၂၅ နိုင်ငံနှင့် ဟောင်ကောင်တို့မှ လေယာဉ် ၁၃၆ စင်း၊ သင်္ဘော ၆ စင်း၊ မော်တော်ယာဉ် ၂၃ စီး မြန်မာနိုင်ငံသို့ ဆိုက်ရောက်ခဲ့ပြီး ကယ်ဆယ်ရေးဆေးဝန်ထမ်း ၁၉၇၅ ဦး၊ ထောက်ပံ့ရေးပစ္စည်း ၂၃၃၂ ဒသမ ၉၈ တန် နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၁၇၀ ဒသမ ၅၉ တန် စုစုပေါင်းတန်ချိန် ၃၅၀၃ ဒသမ ၅၇ တန်တို့ရောက်ရှိ၍ အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ငလျင်ဒဏ်သင့်ပြည်သူများ၏ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

❍ *ကျောဖုံးမှ*

နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများအတွက် ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်ရန်အတွက် ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော်ရှိ ရုံးအမှတ် (၃၉) သစ်တောဦးစီးဌာနဝင်းအတွင်း အိပ်ဆောင်နှင့် ဝန်ထမ်းမိသားစုနေအိမ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ မေလမကုန်မီ အချိန်မီပြီးစီးရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ပြီးစီးသော နေအိမ်များတွင် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေထိုင်နေမှု အခြေအနေနှင့် ဝန်ထမ်းအိမ်ရာများမှ ယာယီနေရာ ရွှေ့ပြောင်းထားသော ဝန်ထမ်းမိသားစုများအား တွေ့ဆုံ၍လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကာ ကားပါကင်ဝင်းရှိ အဆောက်အအုံ၌ ယာယီရုံးခန်းဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ် (၂၈) ပြည်ထောင်စုဝန်ကြီးရုံးဝင်းအတွင်း ဝန်ထမ်းမိသားစုများနေထိုင်ရန် အဆောက်အအုံများ



တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း (IFRC) အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Nadia Khoury အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း (IFRC) အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီများဖက်ဒရေးရှင်း (IFRC) အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Nadia Khoury အား လက်ခံတွေ့ဆုံစဉ်။

Ms. Nadia Khoury နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်တို့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ယာယီရုံးတွင် လက်ခံတွေ့ဆုံသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အရေးပေါ်ဆေးအဖွဲ့များနှင့် နိုင်ငံတကာမှ ဆေးကုသရေးအဖွဲ့များ ပူးပေါင်း၍ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့မှ ပြည်သူများအား ဆေးကုသပေးခဲ့မှု အခြေအနေများ၊ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာသွားသော နိုင်ငံတကာဆေးအဖွဲ့များနေရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများမှ ထိရောက်ကောင်းမွန်သော ဆေးကုသမှုများကို လစ်ဟာမှုမရှိစေဘဲ စွမ်းစွမ်းတမံ ဆက်လက်ဆောင်ရွက်နေသည့်အခြေအနေများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ IFRC အဖွဲ့တို့မှ ငလျင်ဒဏ်သင့်ဒေသများဖြစ်သည့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းနှင့် အင်းလေး ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ငလျင်ဒဏ်သင့်ဒေသများအတွက် လိုအပ်သည့် ရွှေ့လျားရေသန့်စင်စက်၊ ယာယီတဲများ၊ ယာယီယင်လုံအိမ်သာများနှင့် ခြေတုလက်တု ထုတ်လုပ်တပ်ဆင်နိုင်ရေး ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ IFRC ရုံးမှ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းလေးဒေသအတွင်း ငလျင်ဘေးဒဏ်သင့် ပြည်သူများသို့ အလှူငွေနှင့်ပစ္စည်းများပေးအပ်

**ညောင်ရွှေ ဧပြီ ၁၈**

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အင်းလေးဒေသနန်းသဲကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် အိုင်ထောင့်ကြီးကျေးရွာရှိ ငလျင်ဘေးဒဏ် ရှေ့တန်းကွပ်ကဲမှုရုံး၌ ကျင်းပရာ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်တို့က အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က အလှူငွေများပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူသည်။ ဆက်လက်၍ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းတို့က စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ပြိုကျပျက်စီးသွားသော နေအိမ်တစ်လုံးလျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် အိုင်ထောင့်ကြီးကျေးရွာရှိ နေအိမ် ၂၄၉ လုံး၊ ရှေ့ဝကြီးကျေးရွာရှိ နေအိမ် ၈၀ နှင့် မြောင်းဝကြီးကျေးရွာရှိ နေအိမ် ၆၅ လုံး စုစုပေါင်းနေအိမ် ၃၉၄ လုံးအတွက် ငွေကျပ် ၂၇၅၈ သိန်းကို ပေးအပ်လှူဒါန်းသည်။

**နေမျိုးသူရိန်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ယာယီဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးညှိနှိုင်းဆွေးနွေးပြီး ဝန်ထမ်းအိမ်ယာများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယာယီဝန်ထမ်းအိမ်ရာ ဘာရှာတည်ဆောက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ယနေ့နံနက်က ရုံးအမှတ် (၃၁) ၌ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပျက်စီး



ယိုယွင်းသွားသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ တိုက်အမှတ် ၅၃၅၀ နှင့် ၅၃၅၁ တို့ကို လည်းကောင်း၊ ဥတ္တရသိဒ္ဓိရပ်ကွက်အတွင်းရှိ တိုက်အမှတ် ၃၃၉၉ ကို လည်းကောင်း ငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ကွဲအက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းဖွင့်ချိန်အမီ တက္ကသိုလ်၊ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ၊ စာသင်ခန်းများအဆင်သင့်ပြင်ဆင်ထားနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၈**

မန္တလေးလေျပင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းဖွင့်ချိန်အမီ အဆင်သင့် ပြင်ဆင်ထားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးလေျပင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများကို လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းဖွင့်ချိန်အမီ အဆင်သင့်ပြင်ဆင်ထားနိုင်ရေးအတွက် စနစ်တကျ အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အရေးကြီးပါကြောင်း၊ လာမည့်ပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးအားလုံး မပျက်မကွက် ပညာ သင်ကြားနိုင်ရေးအတွက် မိမိတို့ပညာရေးဝန်ကြီးဌာန ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လေျပင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အန္တရာယ်ရှိကျောင်းအဆောက်အအုံများကို အမြန်ဆုံး စနစ်တကျ ရှင်းလင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ထိခိုက်ပျက်စီးခဲ့သည့်ကျောင်းများ၊ အဆောက်အအုံများကို အသေးစားပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းဟူသော သတ်မှတ်ချက် သုံးမျိုးနှင့်အညီ စနစ်တကျ စာရင်းပြုစုထားရှိရမည်ဖြစ်ပါကြောင်း၊ ဇွန်လဆန်းတွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သောဒေသများတွင် ယာယီစာသင်ဆောင်များနှင့် ယာယီလူနေဆောင်များကို စနစ်တကျဖြည့်ဆည်းသွားကြရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံများ ပြုပြင်တည်ဆောက်ရာတွင် မပြုပြင်မီ၊ ပြုပြင်ဆဲနှင့် ပြုပြင်ပြီး မှတ်တမ်းဓာတ်ပုံများ စနစ်တကျထားရှိ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်၍ ပညာရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အားလုံးလက်တွဲပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အသေးစားပြင်ဆင်ရန် လိုအပ်သော အဆောက်အအုံများကို ကျောင်းဖွင့်ချိန်မတိုင်မီ အချိန်မီပြီးစီးအောင် ဦးစားပေး ပြုပြင်ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းဖွင့်ချိန်အမီ ကျောင်းများအဆင်သင့်ဖြစ်ရေးအတွက် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများအားလုံး ပူးပေါင်းဆောင်ရွက်မှု အားကောင်းစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများအနေဖြင့် မိမိတို့ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ယခု အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများက သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ နှစ်ဦးကုသိုလ်ပြုပွဲကျင်းပ

**နေပြည်တော် မေ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်ကောင်းမှုပြုခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ မှန်တောကျောင်းတိုက်ဆရာတော် ဦးတေဇောဘာသ အမှူးပြုသော ဆရာတော်အရှင်သူမြတ်များ၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး သံဃာတော်အရှင်သူမြတ်တို့အား ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကာ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်တကွ ဧည့်ပရိသတ်အပေါင်းတို့က သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ထံ ဆွမ်းဆန်တော်၊ ဆီ၊ သကြား်နှင့်တကွ ဒါတဗ္ဗဝတ္ထုအစုစုတို့အား ဆပ်ကပ်လှူဒါန်းကြပြီး ဆရာတော်ဦးတေဇောဘာသထံမှ အနုမောဒနာတရား နာကြား၍ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။



ဆက်လက်၍ ရုံးရှိဆည်အတွင်းသို့ ငါးဘေးမဲ့လွှတ်ပွဲကိုပြုလုပ်ရာ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၃၀၀၀ ကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့၌ သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

**ကျောက်ဆည် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မင်းရပ်အုပ်စု သစ်ကြီးတန်းရပ်ကွက် နယ်မြေ(၁၁)နှင့် နယ်မြေ(၁၂) ၌ ယနေ့ နံနက် ၈ နာရီက သက်ကြီးပူဇော်ပွဲ ကျင်းပသည်။

သက်ကြီးပူဇော်ပွဲတွင် လယ်ပြင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ အဘိုးဦးဘိုတုတ်နှင့် ဦးအောင်ကြီးတို့မှ ဩဝါဒဆုံးမစကားများနှင့် မုဒိတာမေတ္တာစကားများ ပြောကြားခဲ့ပြီး မင်းရပ်ရပ်ကွက်အုပ်စုအုပ်ချုပ်ရေးမှူးဦးမြင့်ခိုင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များက အသက်(၇၄) နှစ်အထက် အဘိုးငါးဦး၊ အဘွား ၁၇ ဦး စုစုပေါင်း ၂၂ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့်အတူ လှူဖွယ်ပစ္စည်းများဖြင့် လက်ဝယ်အရောက် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်တွင် (၁၁၇)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**အိမ်မဲ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် နှစ်စဉ်နှစ်ဆန်း(၁)ရက်နေ့ရောက်တိုင်း မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပလျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းမှစတင်ကာ (၁၁၇) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် အိမ်မဲမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း ၂၀၁ ကျောင်းမှ ပင့်သံဃာအပါး ၁၀၀၀ ကျော်တို့က အိမ်မဲမြို့အဝင် ဇီးကျောင်းအောင်သိပ္ပံကျောင်း၌ စုရပ်ပြုလုပ်ပြီး အိမ်မဲမြို့အတွင်းသို့ ကမ်းနားလမ်းအတိုင်း ကြွချီတော်မူလာရာ အိမ်မဲမြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူအပေါင်းတို့မှ မြတ်စွာဘုရားအားအမှူးထား၍ သံဃာတော်များအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အစရှိသည့် လှူဒါန်းဖွယ်ရာများနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းသည်။

ယမန်နှစ်ကလည်း အိမ်မဲမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း ၂၀၀ ကျော်မှ ဝါဆိုဝါကပ်ကပ်တော်မူကြမည့် ပင့်သံဃာအပါး ၁၀၀၀ ကျော်ကိုလည်း မြတ်စွာဘုရားအမှူးထား၍ လှူဒါန်းဖွယ်ရာများကိုလည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လောင်းလှူခဲ့ကြောင်း ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့မှ သိရသည်။

**အိမ်မဲ (ပြန်/ဆက်)**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သော စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံ အပျက်အစီးများအား ဖယ်ရှားလင်းရှင်းဆောင်ရွက်

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက် ပြိုကျပျက်စီးခဲ့သော ချမ်းမြသာစည်မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်အစရှိသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓမ္မရေဝါဆိုကျောင်းတိုက်သို့ သွားရောက်ပြီး ဓမ္မရေဝါဆိုကျောင်းတိုက်များ၏ အဓိပတိနာယကချုပ် ဆရာတော်ဒေါက်တာအရှင်ကုမာရအားဖူးမြော်၍ ကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးခဲ့မှု၊ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဩဝါဒများခံယူကာ ကျောင်းတိုက်ရှိ ငလျင်ဒဏ်သင့်ခံခဲ့ရသည့် ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော် စသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး) သို့သွားရောက်ပြီး ဆေးရုံ အဆောင်များ၊ ဆေးရုံဝင်း အတွင်းကွန်ကရစ်လမ်းများ၊ ရေစင်များ ထိခိုက်ပျက်စီးခဲ့မှုများကို လိုက်လံကြည့်ရှုကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေရွှေဘုံတိုက်သို့ လည်းကောင်း၊ ဓမ္မာစရိယကျောင်းတိုက်သို့ လည်းကောင်း၊ မဟာနန္ဒိသေနာရာမတိုက်သို့လည်းကောင်း၊ ပရိယတ္တိ သာသနပါလဗိမာန်သို့လည်းကောင်း သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်၍ ဩဝါဒများခံယူကာ ငလျင်ဒဏ်သင့်ခဲ့ရသည့် ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်အစရှိသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီးနောက် ထိခိုက်ပြိုကျပျက်စီးခဲ့မှု၊ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများကိုလိုက်လံကြည့်ရှု၍ လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးမြို့ရှိ ငလျင်ဒဏ်သင့်ခဲ့သည့်နေရာများ၌ ထိခိုက်ပြိုကျပျက်စီးအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များအတိုင်း ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

## ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့

**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် မေ ၁၈ ရက်အထိ သေဆုံးသူ ၃၆၆၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၂၄ ဦးနှင့် ပျောက်ဆုံးသူ ၁၂၆ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၅၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

**အမြန်ဆုံးခွဲဝေထောက်ပံ့**

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၁၇ ရက် ည ၇ နာရီမှ မေ ၁၈ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်နိုင်ငံ အခြေစိုက် ဗုဒ္ဓဘာသာကျူချီပရဟိတဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ၀ ဒသမ ၉၆ တန်အလေးချိန်ရှိ ခြင်ထောင်၊ ခေါက်ခုတင်များ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ IOM (မြန်မာ) မှတစ်ဆင့် ထောက်ပံ့မည့် တာပေါ်လင်နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၈ မျိုး၊ စုစုပေါင်းတန်ချိန် ၈၃ ဒသမ ၇၀၄ တန် ရောက်ရှိခဲ့သည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ၁၉ ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UM-FCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး မေ ၁၈ ရက်တွင် ၁၉ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရှိရသည်။



မတ် ၃၀ ရက်မှ မေ ၁၈ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဇေယျာသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိ ရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) အိတ် ၈၉၂၀၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၉၉၀၊ ဆီပိဿာ ၂၁၅၅၀ ၊ ဆားကြမ်း ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆားချော ၂၅ ကျပ်သားပါအိတ် ၃၈၄၁ ထုပ်၊ ငါးပိ ၂၀ ကျပ်သားပါ ဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၄၆၅၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၄၂၄ အိတ်၊ စားအုန်းဆီ ပိဿာ ၃၀၈၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၂၃၈ အိတ်၊ စားအုန်းဆီ ပိဿာ ၆၆၀၀၊ ကြက်ဥ အလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဖြူးမြို့နယ်၌ ကုသိုလ်ပြု စတုဒိသာများကျွေးမွေး

**ဖြူး မေ ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း အန္တရာယ်ကင်းစေရေးအတွက် မြန်မာနှစ်ဆန်းတစ်ရက် ယမန်နေ့ညနေပိုင်းက ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အလိုက် လမ်းဆုံလမ်းခွများတွင် စုရပ်အလိုက် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်၍ ကုသိုလ်ပြုစတုဒိသာကျွေးမွေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

စတုဒိသာအဖြစ် အချိုရည်များ၊ ရေခဲမုန့်၊ မုန့်လုံးရေပေါ်၊ ကြက်အာလူးဟင်း ထမင်းများကို အလှူရှင်အသီးသီးက ကျွေးမွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်ပေး

*ဒေါက်တာရင်းမြစ်(မွေး/ကု)*

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတွင်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် သက်မွေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါသည်။ နိုင်ငံတော်၏ ရေမြေနှင့် ရာသီဥတုအနေအထားအရလည်း စိုက်ပျိုးမွေးမြူရေးကို နိုင်ငံ့စီးပွားရေးတစ်ရပ်အနေဖြင့် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး၏ လုပ်ငန်းသဘောသဘာဝအရ တိရစ္ဆာန်အစာအဖြစ် လယ်ယာထွက် ကုန်ကြမ်းများကို အသုံးပြုရသကဲ့သို့ မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ဇီဝမြေဩဇာများကိုလည်း စိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည်အသုံးပြုရခြင်းဖြင့် အပြန်အလှန်အကျိုးသက်ရောက်မှုရှိနေသည်။ ထို့အပြင် ထွန်ယက် စိုက်ပျိုးရိတ်သိမ်းခြင်းတို့တွင်လည်း စက်ကိရိယာ အသုံးမပြုနိုင်သေးသော လယ်ယာမြေများအတွက် ကျွဲ၊ နွားများကို အသုံးပြုခြင်းအားဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောသဘာဝရှိပေသည်။

နိုင်ငံတွင်းရှိ တိုးတက်များပြားလာသော လူဦးရေအချိုးအစားနှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် ဆန်၊ ဆီ ၊ အသားငါး၊ နို့နှင့်ဥ စသည့် စားရေရိက္ခာဖူလုံရေးတို့အတွက် နိုင်ငံတော်အစိုးရကလည်း မူဝါဒများချမှတ်လျက် ကာလတို ကာလရှည် စီမံကိန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းသည့် အသား၊ နို့ ၊ ဥ ထုတ်လုပ်မှုကို ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပသွင်းကုန် လျှော့ချနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်၏ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ အသား၊ နို့၊ ဥ စားသုံးမှု ဖူလုံပြီးနောက် ပိုလျှံသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း မွေးမြူထုတ်လုပ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များဖြင့် အစဉ်တစိုက် ဆောင်ရွက်နေပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်ပါ စီးပွားရေးဦးတည်ချက်(၃)ရပ်၏ ပထမဦးတည်ချက်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက်



ဝက်မွေးမြူရေးခြံတစ်ခုကို တွေ့ရစဉ်။

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး" ဆိုသည့်စီးပွားရေးဦးတည်ချက်နှင့်အညီ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ်ခံယူ၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ထုတ်ပြန်လျက် မွေးမြူထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများကို စီမံဆောင်ရွက်နေပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဌာနအနေဖြင့် အစားအစာ ဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာ ထုတ်လုပ်နိုင်ရေးအတွက် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများနှင့်အညီ ဒေသမျိုးရင်းတိရစ္ဆာန်များကို မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်ခြင်း၊ နိုင်ငံခြားမျိုးကောင်းမျိုးသန့်များကို စိစစ်တင်သွင်းခြင်းနှင့် နိုင်ငံခြား မျိုးစစ်မျိုးသန့်များဖြင့် ဒေသမျိုးကောင်းများကို ထုတ်လုပ်မှုကောင်းသော တိရစ္ဆာန်မျိုးများအဖြစ် မျိုးမြှင့်၊ မျိုးစပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အဓိကဖြစ်သော မျိုး၊ မြေ၊ ရေနှင့် နည်းပညာဆိုသည့် ထောက်တိုင်(၄)ရပ်ကို အခြေပြုလျက် နိုင်ငံတော်၏ အသားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေတ်စနစ်နှင့်

❖ **ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ဆိုသည်နှင့်အညီ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် မွေးမြူရေးသို့ တက်လှမ်းရာတွင် မွေးမြူမည့် တိရစ္ဆာန်မျိုး၊ မွေးမြူမည့်မြေ၊ မွေးမြူမည့်တိရစ္ဆာန် အမျိုးအစားနှင့် ကောင်ရေအလိုက် လိုအပ်မည့် သုံးရေနှင့် အာဟာရပြည့်အစာ၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်စသည်တို့ကို ဇီဝလုံခြုံမှုစနစ်နှင့်အညီ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး (ထိခိုက်မှုမရှိစေရန် ရည်ရွယ်၍)ဖြင့် မွေးမြူသူနှင့် စားသုံးသူနှစ်ဦးနှစ်ဖက် ဘေးအန္တရာယ်ကင်းရှင်းစွာ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ငန်းစဉ်များ သတ်မှတ်ထုတ်ပြန်ပေးထားခြင်းပင်ဖြစ်**

အညီ စီမံဆောင်ရွက်လျက်ရှိသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မျှော်မှန်းချက်မှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မျှော်မှန်းချက်**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့်အညီ သားငါးကဏ္ဍနှင့် ကျေးလက်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးလာစေရန်နှင့် မြို့ပြကျေးလက် ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းလာစေရန် မျှော်မှန်းပါသည်။

ပြည်တွင်းစားသုံးမှုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဌာန၏ လုပ်ငန်းတာဝန်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) တစ်နိုင်ငံလုံးအသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊
(ခ) တိရစ္ဆာန် မွေးမြူထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းများ ကောက်ယူပြုစုခြင်း၊
(ဂ) တိရစ္ဆာန်ရောဂါကာကွယ်၊ကုသဆေးများ ထုတ်လုပ်ခြင်းနှင့် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဃ) စားကျက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(င) မျိုးကောင်းမျိုးသန့် တိရစ္ဆာန်တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(စ) မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပညာပေးခြင်း၊ သုတေသနလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဆ) ပုဂ္ဂလိကမွေးမြူရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် မွေးမြူရေးဇုန်များ ဖော်ထုတ်ဆောင်ရွက်ခြင်း၊
(ဇ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများတွင် မွေးမြူရေးနှင့် သားငါး ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊
(ဈ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်း ပို့ကုန်၊ သွင်းကုန် စစ်ဆေးထောက်ခံခြင်း၊ တိရစ္ဆာန်ကျန်းမာရေး ထိန်းသိမ်းစစ်ဆေးရေးစခန်း လုပ်ငန်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဖြတ်သန်းသွားလာစစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ခြင်း၊
(ည) တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ မွေးမြူရေးဘဏ်စနစ်အရ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊
(ဋ) နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဘိန်းအစားထိုးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဌ) စံပြမွေးမြူရေးခြံများ ထူထောင်၍ သိပ္ပံနည်းကျ မွေးမြူထုတ်လုပ်မှု ဆောင်ရွက်ခြင်း။

**MSMEနှင့် မွေးမြူရေးထုတ်ကုန်ကဏ္ဍ**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် MSME ဆိုင်ရာ မွေးမြူရေးတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃)ရပ်အနက် ဒုတိယဦးတည်ချက်ဖြစ်သည့် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး" ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သိပ္ပံနည်းကျမွေးမြူရေးစနစ်များကို မွေးမြူထုတ်လုပ်သူများ စနစ်တကျ လိုက်နာကျင့်သုံးနိုင်ရေးအတွက် "ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ(GAHPs)" ကို ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲထုတ်ပြန်လျက်ရှိပါသည်-

(က) အရည်အသွေးကောင်း တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်ယူရရှိရေး၊
(ခ) စားသုံးသူ ဘေးကင်းလုံခြုံရေး၊
(ဂ) တိရစ္ဆာန်များ သက်သာချောင်ချိရေး၊
(ဃ) မွေးမြူရေးခြံလုပ်သားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊
(င) ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်အကျိုးပြု မွေးမြူထုတ်လုပ်မှုဖြစ်စေရေး၊
(စ) ပြည်တွင်းစားသုံးမှု ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေး။

ထုတ်ပြန်ထားရှိသည့် "ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ (GAHPs)" ကို စနစ်တကျလိုက်နာကျင့်သုံးသည့် မွေးမြူထုတ်လုပ်သူများအနေဖြင့် ဖော်ပြပါအကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်သည်-

(က) အရည်အသွေးကောင်းမွန်သော တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်ယူရရှိနိုင်ခြင်း၊
(ခ) စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းလာခြင်း၊
(ဂ) ဇီဝလုံခြုံမှုကောင်းမွန်လာပြီး သဘာဝပတ်ဝန်းကျင်အကျိုးပြု မွေးမြူရေးများ ဖြစ်ထွန်းလာခြင်း၊
(ဃ) မွေးမြူရေးခြံအလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းလာခြင်း၊
(င) တိရစ္ဆာန်သက်သာချောင်ချိရေးလုပ်ငန်း ဆောင်ရွက်နိုင်ခြင်း၊
(စ) GAHP ထုတ်ကုန်ဈေးကွက်ဖြစ်ပေါ်၍ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခြင်း။

**ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ(GAHPs)**

ထုတ်ပြန်ပြီးဖြစ်သည့် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ(GAHPs)(၉)မျိုးမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။

(က) နို့စားနွား မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်၊
(ခ) အသားတိုးနွား မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်၊
(ဂ) ဆိတ်မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်၊
(ဃ) မိရိုးဖလာ ဝက်မွေးမြူရေးခြံများအတွက် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

(င) ဝက်မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်၊

(စ) တိုင်းရင်းကြက် မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်၊

(ဆ) ဥစားကြက် မွေးမြူရေးခြံများအတွက် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်၊

(ဇ) အသားတိုးကြက် မွေးမြူရေးခြံများ အတွက် ကောင်းမွန်သော မွေးမြူရေး ကျင့်စဉ်၊

(ဈ) ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်။

ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ဆိုသည်နှင့်အညီ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် မွေးမြူရေးသို့ တက်လှမ်းရာတွင် မွေးမြူမည့် တိရစ္ဆာန်မျိုး၊ မွေးမြူမည့်မြေ၊ မွေးမြူမည့်တိရစ္ဆာန် အမျိုးအစားနှင့် ကောင်းရေအလိုက် လိုအပ်မည့် သုံးရေနှင့် အာဟာရပြည့်အစာ၊ မွေးမြူရေးဆိုင်ရာ နည်းစနစ်စသည်တို့ကို ဇီဝလုံခြုံမှုစနစ်နှင့်အညီ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး (ထိခိုက်မှုမရှိစေရန် ရည်ရွယ်၍)ဖြင့် မွေးမြူသူနှင့် စားသုံးသူနှစ်ဦးနှစ်ဖက် ဘေးအန္တရာယ်ကင်းရှင်းစွာ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ငန်းစဉ်များ သတ်မှတ်ထုတ်ပြန်ပေးထားခြင်းပင် ဖြစ်သည်။ ဦးစီးဌာနကလည်း စီးပွားဖြစ်မွေးမြူသူများထံသို့ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်ရေး စည်းရုံးခြင်း၊ ပညာပေးပြုပြင် ပြင်ဆင်ပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် အဆိုပါအသိအမှတ်ပြုလက်မှတ်ရခြံမှ ထုတ်ကုန်များကို ပြည်တွင်းသာမက ပြည်ပပို့ကုန်အဆင့်အထိ ထုတ်လုပ်တင်ပို့နိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယေဘုယျအားဖြင့်ဆိုပါလျှင် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ကို ဖော်ပြပါအတိုင်း အပိုင်း(၇) ပိုင်းဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ထုတ်ပြန်၍ အဆိုပါအပိုင်းအလိုက် အမှန်တကယ် လိုက်နာဆောင်ရွက်မှုရှိ မရှိကို ဌာနက သတ်မှတ်ထားသော စိစစ်ရေးအချက်အလက်များဖြင့် စိစစ်ပြီး လိုက်နာဆောင်ရွက်ပါက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း ဖြစ်ပါသည်-



ကြက်မွေးမြူရေးခြံတစ်ခုကို တွေ့ရစဉ်။

**(က) မွေးမြူရေးခြံ**

မွေးမြူမည့်တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေ၊ မွေးမြူမည့်နည်းစနစ်အလိုက် လိုအပ်မည့် မြေနေရာအကျယ်အဝန်းနှင့် မြေအနေအထား၊ တရားဝင်မြေယာအသုံးချမှု ရှိ မရှိကို စိစစ်ပါသည်။

**(ခ) မွေးမြူရေးခြံအဆောက်အအုံနှင့် ခြံအထောက်အပံ့ပစ္စည်းများ၊ စားကျက်ဧရိယာ**

မွေးမြူမည့်တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေ၊ မွေးမြူမည့်နည်းစနစ်အလိုက် လိုအပ်မည့် ခြံအကျယ်အဝန်းနှင့် ခြံအဆောက်အအုံဒီဇိုင်း၊ လိုအပ်သည့် ခြံသုံးပစ္စည်း၊ အစာသိုလှောင်ရုံ၊ အာဟာရပြည့် တိရစ္ဆာန်စားကျက်စိုက်ခင်း မြေအနေအထားတို့ကို သတ်မှတ်ချက်အတိုင်း ဆောင်ရွက်မှုရှိမရှိကို စိစစ်ပါသည်။

**(ဂ) မွေးမြူရေးခြံစီမံခန့်ခွဲမှု(မျိုး၊ မြေ၊ ရေ၊ နည်းပညာ၊ လုပ်သား)**

မွေးမြူမည့်တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေ၊ မွေးမြူမည့်နည်းစနစ်အလိုက် မွေးမြူသည့်ခြံ၊ တိရစ္ဆာန်၊ တိရစ္ဆာန်အတွက် ရေ၊ အစာနှင့် ဆေးဝါး၊ နည်းပညာ၊ ခြံအလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင် ဖန်တီးထားမှု စသည်တို့ကို သတ်မှတ်ချက်အတိုင်း ဇီဝလုံခြုံမှုစနစ်နှင့်အညီ ဆောင်ရွက်မှု ရှိ မရှိနှင့် လိုအပ်သည့် စာရင်းမှတ်တမ်းပြုစုခြင်း ရှိ မရှိကို စိစစ်ပါသည်။

**(ဃ) တိရစ္ဆာန်များအား ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သယ်ဆောင်ခြင်း**

မွေးမြူသည့်တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ထားသော တိရစ္ဆာန်သက်သာချောင်ချိရေး လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ထားမှု ရှိ မရှိကို စိစစ်ပါသည်။

**(င) ဇီဝလုံခြုံမှု**

မွေးမြူသည့်တိရစ္ဆာန်အမျိုးအစား၊ ခြံမြေအနေအထားအလိုက် သတ်မှတ်ထားသော ဇီဝလုံခြုံမှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ထားမှု ရှိ မရှိကို စိစစ်ပါသည်။

**(စ) ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု**

မွေးမြူသည့်တိရစ္ဆာန်အမျိုးအစား၊ ခြံမြေအနေအထားအလိုက် သတ်မှတ်ထားသော ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ထားမှု ရှိ မရှိကို စိစစ်ပါသည်။

**(ဆ) မှတ်တမ်းများထိန်းသိမ်းခြင်း**

မွေးမြူမည့်တိရစ္ဆာန်အမျိုးအစား၊ ကောင်ရေ၊ မွေးမြူမည့်နည်းစနစ်အလိုက် မွေးမြူသည့်ခြံ၊ တိရစ္ဆာန်၊ တိရစ္ဆာန်အတွက် ရေ၊ အစာနှင့် ဆေးဝါး၊ နည်းပညာ၊ ခြံအလုပ်သမားများအတွက် ဘဏ္ဍာငွေအရအသုံး စသည်တို့ကို သတ်မှတ်နည်းစနစ်အတိုင်း သတ်မှတ်ကာလအလိုက် မှတ်တမ်း၊ စာရင်းများနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိကို စိစစ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် မွေးမြူထုတ်လုပ်သူများထံသို့ အဆိုပါထုတ်ပြန်ပြီး ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ(GAHPs) နှင့်အညီ လိုက်နာကျင့်သုံးစေရေး စည်းရုံးခြင်း၊ ပညာပေးခြင်း၊ အကြံပြုနည်းပညာပေးခြင်း၊ စိစစ်အကဲဖြတ်ခြင်း၊ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းတို့ကို လုပ်ငန်းစဉ်(SOPs)အဆင့်အတိုင်း စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါသည်။

အသားကဏ္ဍအတွက် ထုတ်လုပ်သည့် တိရစ္ဆာန်ထုတ်ကုန်အလိုက် MSME ဆိုင်ရာ သိကောင်းစရာများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ (GAHPs)နှင့်အညီ ဆက်လက်ဖော်ပြသွားပါမည်။ ။

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
(မတ်လ၊ ၂၀၂၅)

## မှော်ဘီမြို့နယ်ရှိ ကျေးရွာရှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်းပေါင်း ၃၆၃၆ သိန်း ထုတ်ချေးပြီးစီး

**မှော်ဘီ မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အင်းတန်ကျေးရွာ၊ ပသီ(ငှက်ပျောတော) ကျေးရွာ၊ သဲဖြူကျေးရွာ၊ သာယာကုန်းရွာသစ်ကျေးရွာ၊ ဝါးဖြူတောကျေးရွာ၊ နတ်ရဲကွင်းကျေးရွာ၊ ပျော်ပွယ်စုကျေးရွာနှင့် စွယ်တောကုန်းကျေးရွာတို့၌ ငွေကျပ် ၃၆၃၆ သိန်းကို ဧပြီလတတိယပတ်က ထုတ်ချေးပြီးစီးပြီဖြစ်သည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများကို မှော်ဘီမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာများအရောက် မြေပြင်ကွင်းဆင်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၄၄ ဦးကို ငွေကျပ် ၁၄၅၃ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၃၉ ဦးကို ငွေကျပ် ၉၇၂ သိန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၁၉၆ ဦးကို ငွေကျပ်သိန်း ၆၃၀၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ ၁၈၃ ဦးကို ငွေကျပ် ၅၈၁ သိန်းတို့ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**မောင်ခိုင်**

# အကြိမ် ၂၇၀ မြောက် ဓမ္မစကူးလ်ဖောင်ဒေးရှင်း အလယ်တန်းအဆင့် ဆရာဖြစ်သင်တန်းဖွင့်



**ဘားအံ ဧပြီ ၁၈**

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ် ဓမ္မစကူးလ်ကော်မတီတို့က ကြီးမှူးကျင်းပသော အကြိမ် ၂၇၀ မြောက် ဓမ္မစကူးလ်ဖောင်ဒေးရှင်း အလယ်တန်းအဆင့် ဆရာဖြစ်သင်တန်းကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၁)ရပ်ကွက် သရက်တောကျောင်းတိုက်၌ ခရိုင်၊ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၄၇ ဦးဖြင့် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ကရင်ပြည်နယ် ဓမ္မစကူးလ်ကော်မတီနာယက ခေမာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တသောပါက အမှူးပြုသောဆရာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ် ဓမ္မစကူးလ်ကော်မတီမှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကရင်ပြည်နယ် ဓမ္မစကူးလ်ကော်မတီနာယက ခေမာရာမကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီး၏ ဩဝါဒကထာကို နာယူကြည်ညိုကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်က အကြိမ် ၂၇၀ မြောက် ဓမ္မစကူးလ်ဖောင်ဒေးရှင်း အလယ်တန်းအဆင့် ဆရာဖြစ်သင်တန်း အတွက် ငွေကျပ် ၇၂ သိန်းကို ပြည်နယ် ဓမ္မစကူးလ်ကော်မတီ ဘဏ္ဍာရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။

**အမှုပေးဝေ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကရင်ပြည်နယ် ဓမ္မစကူးလ် ကော်မတီနာယက ခေမာရာမကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

အဆိုပါသင်တန်းကို ဧပြီ ၁၈ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကျောင်းကုန်းမြို့၌ အကြိမ် ၇၀ မြောက် မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲ ငွေကျပ် ၈၄၄ သိန်းကျော် လှူဒါန်း

**ကျောင်းကုန်း ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ အကြိမ် ၇၀ မြောက် မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်လောင်းလှူပွဲကို မြန်မာနှစ်ဆန်း ၁ ရက်နေ့က တာဦးကဋ္ဌနာရာမကျောင်းတိုက်မှ စတင်လောင်းလှူခဲ့သည်။

နှစ်စဉ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဆွမ်းဆန်တော်လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မြတ်ဘုရားနှင့် သံဃာတော်များ၊ သီလရှင်များက အမှတ်(၃) ရပ်ကွက်မှ စတင်ကြွချီလာကြပြီး အမှတ် (၅)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ် (၂)ရပ်ကွက်နှင့် အမှတ်(၁)ရပ်ကွက်တို့ရှိ ဗဟိုမဏ္ဍပ်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာမဏ္ဍပ်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများထံသို့ အလှူခံကြွချီခဲ့သည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၄၂ ကျောင်းနှင့် သီလရှင်ကျောင်းနှစ်ကျောင်း၊ စုစုပေါင်း ၂၄၄ ကျောင်းရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များအား ဆွမ်းကွမ်းဝေယျာဝစ္စ အဆင်ပြေချောမွေ့စေရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဆွမ်းဆန်တော်နှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၃၀၆ သိန်းကျော်နှင့် လှူဖွယ်ပစ္စည်းများ တန်ဖိုးငွေကျပ် ၅၃၈ သိန်းကျော် စုစုပေါင်းငွေကျပ် ၈၄၄ သိန်းကျော် လောင်းလှူခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်က တဝရွှေဂူကြီးဘုရား သီရိမင်္ဂလာကန်တော် အမှတ်(၃) ရပ်ကွက် လွမ်းစေတီဘုန်းတော်ကြီးကျောင်းရေကန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို တဝရွှေဂူကြီးဘုရား သီရိမင်္ဂလာကန်တော်နှင့် အမှတ်(၃)ရပ်ကွက် လွမ်းစေတီဘုန်းတော်ကြီးကျောင်းရေကန်တို့၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးသားပေါက်များကို ဇီဝိတဒါနအဖြစ် ကန်တော်အတွင်းသို့ လွှတ်ပေးခဲ့သည်။

ဆက်လက်၍ အသက် ၈၀ နှင့်အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၉၀ တို့ကို ဂါရဝပြုလှူဒါန်းပူဇော်ကန်တော့ခဲ့သည်။



**ဇင်မင်းထိုက်(ထန်းတပင်)**

# အောင်လံမြို့၌ သက်ကြီးဘိုးဘွားများအား ဆေးကုသ

**အောင်လံ ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းတို့ကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါသက်ကြီးဘိုးဘွားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချိုဆီးချိုရောဂါ စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရောဂါရှိသူများအား သက်ဆိုင်ရာရောဂါများအလိုက် သောက်ဆေးများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုင်းယန်းမြို့နယ် ဝမ်ယို့မိုင်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မိုင်းယန်း ဧပြီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ယို့မိုင်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာ ရရှိစေရန် အတွက် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ဝမ်ယို့မိုင်ကျေးရွာ၌ အရှည် တစ်မိုင် လေးဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဝမ်ယို့မိုင်ကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိစေရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၃၀ ဒသမ ၉၄၂ သန်းဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ ၂၀၂၄ ခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



❖ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသည်ကို လေ့လာထားပါ။
❖ ဘေးကင်းလုံခြုံသော နေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

# ကျိုင်းတုံမြို့၌ အာခါတိုင်းရင်းသားရိုးရာ ကြက်ဥနီပွဲတော်ကျင်းပ



**ကျိုင်းတုံ မေ ၁၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အာခါတိုင်းရင်းသားရိုးရာ ကြက်ဥနီပွဲတော်ကို မေ ၁၇ ရက်က အမေ့ရင်ခွင်တော်တွင် ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ အမေ့ရင်ခွင်ကျောင်းသား ကျောင်းသူလေးများက ဘိုးဘေးတို့အား ဆုတောင်းမေတ္တာပို့သကြပြီး အာခါ တိုင်းရင်းသားခေါင်းဆောင်ဦးမင်းညိုက ကြက်ဥနီပွဲတော် ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အာခါတိုင်းရင်းသားခေါင်းဆောင်နှင့် အလှူရှင်များက လျှော်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်သော ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေး အထောက်အကူပြုနိုင်ရန် ငွေကျပ်သိန်း ၂၀ဂနှင့် လျှော်ဘေးကယ်ဆယ်စောင့်ရှောက်ရေးသို့ သွားရောက်မည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကြက်ခြေနီအဖွဲ့သို့ ငွေကျပ်သိန်း ၂၀ လှူဒါန်းရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကြက်ဥနီပွဲတော်အထိမ်းအမှတ် အမှတ်တရ ညစာစားပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ် ဘယ်လင်းအကျဉ်းထောင်မှ အကျဉ်းသား ၆၃ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**စဉ့်ကိုင် မေ ၁၈**
မန္တလေးတိုင်း ဒေသကြီး စဉ့်ကိုင်မြို့နယ် ဘယ်လင်းအကျဉ်းဦးစီးဌာန အမှတ်(၁)နှင့် အမှတ်(၂) ကုန်ထုတ်စခန်းတို့၌ ပြစ်ဒဏ်ကျခံလျက်ရှိ



သော အကျဉ်းသားများအနက်မှ ဘယ်လင်းအမှတ်(၁)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၃၁ ဦးနှင့် ဘယ်လင်းအမှတ်(၂)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၃၂ ဦး စုစုပေါင်းအကျဉ်းသား ၆၃ ဦးတို့အား ယမန်နေ့က ပြစ်ဒဏ်များလျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသားများကို ကုန်ထုတ်စခန်း (၁/၂) အကျဉ်းထောင် အစည်းအဝေးခန်းမ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လင်း၊ ဘယ်လင်းအမှတ်(၁)ကုန်ထုတ်စခန်းမှ ဦးစီးအရာရှိ ဦးအောင်စိုးဝင်း (ခေတ္တထောင်ပိုင်ကြီး)၊ ဘယ်လင်းအမှတ်(၂) ကုန်ထုတ်စခန်းမှ ဦးစီးအရာရှိ ဦးဘိုမင်းထွန်း (ခေတ္တထောင်ပိုင်ကြီး) နှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြားပြီး အကျဉ်းသား ၆၃ ဦး အား ခံဝန်လက်မှတ်ရေးထိုးခြင်း၊ လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်နှင့်စားစရိတ်တို့ကို ထုတ်ပေးကာ မိမိဒေသသို့ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး အကျဉ်းဦးစီးဌာန အစီအစဉ်ဖြင့် ရထား၊ ဘူတာနှင့်ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နတ်တလင်းမြို့နယ်၌ ဌာနဆိုင်ရာများ စုပေါင်း၍ စတုဒိသာကျွေးမွေး

**နတ်တလင်း မေ ၁၈**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ဌာနဆိုင်ရာများ စုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းကို ဇီးကုန်းလေးရပ်ကွက် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ သကျမဟာမြတ်မုနိဘုရားကြီးဝင်းတွင် ယမန်နေ့က ပြုလုပ်သည်။ ထိုသို့လှူဒါန်းရာတွင် လူမျိုးဘာသာမရွေး စားသုံးနိုင်ရန်အတွက် ထမင်း၊ ငါးခြောက်ထောင်း၊ ပဲကုလားဟင်း၊ ပဲပင်ပေါက်ကြော်တို့ကို ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မိုးညှင်းဗဟိုအကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူ ၂၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**မိုးညှင်း မေ ၁၈**
ကချင်ပြည်နယ် မိုးညှင်းဗဟိုအကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူ ၂၀ အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယမန်နေ့က မိုးညှင်းဗဟိုအကျဉ်းထောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည့် အကျဉ်းသား အကျဉ်းသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်နှင့် အဖွဲ့ဝင်များ၊ မိုးညှင်းဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးသန့်ဇင်ဝင်းနှင့် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးသည့် ရည်ရွယ်ချက်များနှင့် မိမိတို့ရပ်ရွာအကျိုးကို အများနည်းတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး အေးချမ်းစွာ ဆက်လက်နေထိုင်ကြစေရေး ဆုံးမဩဝါဒစကားများ ပြောကြားခဲ့သည်။



ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၁၉ ဦးနှင့် အကျဉ်းသူတစ်ဦး စုစုပေါင်း ၂၀ အား ခံဝန်လက်မှတ်ရေးထိုးခြင်း၊ လွတ်ငြိမ်းခွင့်လက်မှတ်ပေးအပ်ခြင်း၊ မိုးညှင်းဗဟိုအကျဉ်းထောင်မှ ခရီးစရိတ်နှင့် စားစရိတ်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ပြီးနောက် မိမိဒေသသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆင်ပေါင်ဝဲမြို့နယ်၌ အကျဉ်းသား ၃၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**ဆင်ပေါင်ဝဲ မေ ၁၈**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား ၃၂ ဦး



အား လွှတ်ပေးသည့်အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက မြို့နယ်အကျဉ်းဦးစီးဌာန ကိုးပင်-သာစည်(စိုက်/မွေး)စခန်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ကျော်မြင့်၊ အကျဉ်းဦးစီးဌာန ကိုးပင်-သာစည် (စိုက်/မွေး)စခန်းမှ ဦးစီးအရာရှိ ဦးသက်စိုး တို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား ၃၂ ဦးအား ဆုံးမဩဝါဒစကားပြောကြားသည်။

### စားစရိတ်များပေးအပ်

ထို့နောက် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ရသည့်အကျဉ်းသားများအား လုပ်အားခများ၊ ခရီးစရိတ်များ၊ စားစရိတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတု ပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများ ကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်း များ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထား ပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန် ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

### လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြု လိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီး တွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သော ကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တု ပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

### လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။


သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com


သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ဖို့ MDA Application ကိုယခု အခမဲ့ရယူလိုက်ပါ။

Google Play

Developed by ; | In collaboration with ; | Printed by ;

DRR Working Group Myanmar

# ဒီအခက်အခဲက အားလုံးကြုံတွေ့နေရတာဖြစ်တဲ့အတွက် အားလုံးကအားတင်းထားပြီး နှစ်သစ်ကို စိတ်သစ် ခွန်အားသစ်တွေနဲ့ ကျော်ဖြတ်ပါလို့ ပြောချင်ပါတယ်

**ဦးစန်းဦး (အုပ်ချုပ်ရေးမှူး၊ ဥတ္တရသီရိရပ်ကွက်)**

**နေပြည်တော် ဧပြီ ၁၈**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးခြင်းနှင့် ကြီးမားစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ ယာယီတည်းခိုရေးစခန်းများကို တည်ဆောက်ဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိသည်။

ထိုသို့ ယာယီနေရာချထားပေးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဥတ္တရသီရိရပ်ကွက်၌ တည်ဆောက်ထားသည့် ယာယီတည်းခိုရေးစခန်းသို့ သွားရောက်၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုအခြေအနေ၊ ရေ၊ မီး၊ မိလ္လာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပြီးစီးမှုနှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားမှု အခြေအနေတို့ကို မြေပြင်ကွင်းဆင်းလေ့လာကာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားမှုများကို ရေးသားဖော်ပြလိုက်ပါသည်-

**ဦးစန်းဦး (အုပ်ချုပ်ရေးမှူး၊ ဥတ္တရသီရိရပ်ကွက်)**

ကျွန်တော်တာဝန်ယူထားတဲ့ ဥတ္တရသီရိရပ်ကွက် ယာယီတည်းခိုရေးစခန်းမှာ ယာယီမိုးကာတဲ ၁၂၀ ရှိပါတယ်။ ဝန်ကြီးဌာနတွေအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့က ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစု အိမ်ထောင်စု ၉၃ စုရှိပြီး လူဦးရေစုစုပေါင်း ၃၅၆ ဦး ရှိပါတယ်။ ယာယီတည်းခိုသူတွေ နေထိုင်တဲ့အခါ အပူဒဏ်သက်သာစေဖို့အတွက် အထပ်သားပြားနဲ့ ပြုလုပ်ထားတဲ့ အခင်းကွပ်ပျစ်တွေ စီစဉ်ပေးထားပါတယ်။

နိုင်ငံတော်အစိုးရက သန့်ရှင်းသောရေ သောက်သုံးနိုင်ဖို့အတွက် ရေသန့်စက်လေးလုံး စီစဉ်ပေးထားပါတယ်။ ချိုးရေနဲ့ သုံးရေအတွက် ဂါလန် ၅၀၀၀ ဆံ့ ရေကန်စုစုပေါင်းခြောက်ကန်နဲ့ မိလ္လာအလုံး ၃၀ ထားရှိပေးပါတယ်။ ရေချိုးကန်နဲ့ မိလ္လာကို ကျား၊ မ ခွဲခြားထားပါတယ်။ စားသောက်ရေးအတွက်ကတော့ အလှူရှင်တွေ ရှိပါတယ်။ အလှူရှင်နည်းပါးတဲ့ရက်တွေ ချက်စားနိုင်ဖို့အတွက် မီးဖိုတွေ စီစဉ်ပေးမှာဖြစ်ပါတယ်။ မီးဖိုအသုံးပြုခိုင်းတော့မယ်ဆိုရင်လည်း ယာယီမိုးကာတဲတွေနဲ့ ဝေးရာမှာအသုံးပြုဖို့ စီစဉ်ပေးသွားမှာဖြစ်ပါတယ်။ မိုးကာတဲအတွင်း အသုံးပြုဖို့အတွက် ဆိုလာနဲ့ လျှပ်စစ်နှစ်မျိုးသုံးလို့ရတဲ့ မီးအိမ်လေးတွေ စီစဉ်ပေးထားပါတယ်။ လုံခြုံရေး မီးတိုင်တွေကိုတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မီးတိုင်တွေ လာရောက်စိုက်ထူပေးထားပါတယ်။

ကျန်းမာရေးနဲ့ ပတ်သက်လို့ ကျန်းမာရေး ဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက တာဝန်ယူ စောင့်ရှောက်ပေးပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နဲ့ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့တို့က ပူးပေါင်းပြီး



ဦးစန်းဦး



ဒေါ်ခင်မာအေး



မထက်ထက်အောင်



ဦးညီညီဇော်

လုံခြုံရေးပေးပါတယ်။ ညအခါဆိုရင် လုံခြုံရေးအဖွဲ့ ပိုပြီးတိုးမြှင့်ထားပါတယ်။ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ ကျန်းမာရေး မထိခိုက်စေဖို့အတွက် အမှိုက်ပုံး ၁၅ ပုံး ထားရှိပါတယ်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီက နေ့စဉ်အချိန်မှန် လာရောက်သိမ်းဆည်းပေးပါတယ်။

ဒီယာယီတည်းခိုရေးစခန်းကို စားသောက်ဖွယ်ရာတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေ လှူဒါန်းတဲ့ အလှူရှင်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့က လှူဒါန်းချင်တဲ့ အလှူရှင်တွေရဲ့ လှူဒါန်းလိုမှု ဆန္ဒကို အရင်မေးမြန်းပါတယ်။ အိမ်ထောင်စုအလိုက်၊ တစ်ဦးချင်းအလိုက် လှူဒါန်းတဲ့အခါ လက်ဝယ်အရောက် လှူဒါန်းမှုက ပိုများပါတယ်။ လက်ဝယ်အရောက် မလှူဒါန်းနိုင်တဲ့အခါ ရုံးဆင်းတဲ့အချိန်မှာ လူဦးရေစုံတဲ့အတွက် အဲဒီအချိန်မှာ ကျွန်တော်တို့က ခွဲဝေပေးအပ်ပါတယ်။ နှစ်သစ်ကူးသင်္ကြန် ရုံးပိတ်ရက် နေရပ်ပြန်သွားတဲ့ ဝန်ထမ်းတွေရှိတဲ့အတွက် လှူဒါန်းမှုပစ္စည်းတွေ သီးခြားထားပြီး ပြန်လည်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ဒီအခက်အခဲက အားလုံးကြုံတွေ့နေရတာဖြစ်တဲ့အတွက် အားလုံးက အားတင်းထားပြီး နှစ်သစ်ကို စိတ်သစ်ခွန်အားသစ်တွေနဲ့ ကျော်ဖြတ်ပါလို့ ပြောချင်ပါတယ်။

**ဒေါ်ခင်မာအေး(ကျန်းမာရေးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)**

ကျွန်မတို့ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေနဲ့ နေပြည်တော် ကောင်စီနယ်မြေအပါအဝင် ငလျင်ဘေးသင့်ခံစားရတဲ့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာပါ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိစေဖို့အတွက် ဝန်ထမ်းအားလုံးက အဖွဲ့အလိုက် ကွင်းဆင်း ဆောင်ရွက်ပေးကြပါတယ်။ အခုလို ကွင်းဆင်းဆောင်ရွက်တဲ့အခါ ကြိုတင်ကာကွယ်ရေး၊ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေးနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးတို့အတွက် အဓိကဆောင်ရွက်ပါတယ်။ ကြိုတင် ကာကွယ်ရေးပိုင်းအနေနဲ့ ရေတွင်းရေကန်တွေကို ဆေးခတ်ပေးတာ၊ ယင်လုံအိမ်သာတွေ ဆေးဖျန်းပေးတာ၊ စားကြွင်းစားကျန်တွေနဲ့ အမှိုက်ပုံးတွေကို ဆေးဖျန်းပေးတာတို့ကို ဆောင်ရွက်ပေးပါတယ်။ ယာယီမိုးကာတဲ ဘေးပတ်လည်ကို သန့်ရှင်းသပ်ရပ်မှုရှိစေဖို့အတွက် ဒီယာယီတည်းခိုရေးစခန်းမှာရှိတဲ့ ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေလည်းရှိပါတယ်။

**မထက်ထက်အောင် (ဝန်ထမ်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန)**

ကျွန်မတို့မိသားစု ဒီဥတ္တရသီရိရပ်ကွက် ယာယီတည်းခိုရေးစခန်းမှာ နေထိုင်ရတာ အဆင်ပြေပါတယ်။ သုံးရေ၊ ချိုးရေအတွက် ရေမပြတ်လပ်စေဖို့အတွက် ရေကားတွေနဲ့ လာရောက်ထည့်ပေးပါတယ်။ ရေသန့်ရှင်းဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးပါတယ်။ သောက်သုံးရေကတော့ လာရောက်လှူဒါန်းတဲ့ ရေသန့်ကတ်တွေရှိသလို ရေသန့်စက်တွေလည်းရှိပါတယ်။ ကျန်းမာရေးအတွက်ကတော့ နိုင်ငံခြားက လာရောက်ကူညီပေးတဲ့ ဆေးအဖွဲ့တွေအပြင် ကျန်းမာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းလည်းရှိပါတယ်။ အိမ်သာကို ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားပေးထားပြီး လက်ဆေးဘေစင်၊ ဆပ်ပြာနဲ့ ရေကန်တွေ သီးသန့်ထားပေးပါတယ်။ ကျွန်မတို့ လုံခြုံရေးအတွက် လျှပ်စီးမီးအလင်းရောင်ရော၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရောဆိုတော့ စိတ်ချလက်ချ နေထိုင်လို့ရပါတယ်။ အခုလို ဒီယာယီတည်းခိုရေးစခန်းမှာ ကျွန်မတို့မိသားစုအတွက် စိတ်ရောကိုယ်ပါ လုံခြုံမှုတွေ ရရှိစေဖို့ စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးညီညီဇော်(ဝန်ထမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**

ကျွန်တော်တို့မိသားစု ဥတ္တရသီရိရပ်ကွက် ယာယီတည်းခိုရေးစခန်းမှာ နေထိုင်ရတာ အဆင်ပြေပါတယ်။ စားသောက်ရေး၊ သောက်ရေသန့်၊ ချိုးရေ၊ သုံးရေကအစ အားလုံးစနစ်တကျနဲ့ စီစဉ်ပေးထားပါတယ်။ ချိုးရေ၊ အိမ်သာဆိုရင်လည်း ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားပေးထားတဲ့အတွက် ပိုပြီးအဆင်ပြေပါတယ်။ မီးလင်းရေးနဲ့ပတ်သက်ရင်လည်း လျှပ်စစ်မီး၊ ဆိုလာမီး စီစဉ်ပေးထားပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း ညနေဆိုရင် တဲတစ်လုံးချင်းစီကို လိုက်လံစစ်ဆေးပေးတဲ့အတွက် လုံခြုံစိတ်အေးစွာနဲ့ နေထိုင်ရပါတယ်။ အခုလို အားလုံးအစစအရာရာ လိုအပ်ချက်မရှိအောင် စီစဉ်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**အေးအေးသန့်**
**ဓာတ်ပုံ-ကိုအေးသန်း**



ဥတ္တရသီရိရပ်ကွက် ယာယီတည်းခိုရေးစခန်း၌ ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်စဉ်။



ယာယီတည်းခိုရေးစခန်းအတွင်း သုံးရေ၊ ချိုးရေကန်များ ကျန်းမာရေးနှင့်အညီဖြစ်စေရန် ကွင်းဆင်း ဆောင်ရွက်စဉ်။

# ဒေါ်နယ်ထရမ့်ထုတ်ပြန်လိုက်သော အခွန်စည်းကြပ်မှုတချို့ကြောင့် ပြည်တွင်းမငြိမ်သက်မှုကို ဖြစ်စေ

**ဝါရှင်တန် ဧပြီ ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထုတ်ပြန်လိုက်သော အခွန်စည်းကြပ်မှုတချို့သည် ယခုအခါ အသက်ဝင်နေပြီဖြစ်သည့်အတွက် နိုင်ငံအတွင်းရှိ ပြည်သူများ အခွန်စည်းကြပ်မှု၏ အကျိုးသက်ရောက်မှုများကို ခံစားနေရပြီဖြစ်သည်။

အခွန်စည်းကြပ်မှုတွင် စတီးလ်၊ အလူမီနီယံနှင့် ကားများအပေါ် နောက်ထပ် ၂၅ ရာခိုင်နှုန်း တိုးကောက်မှုများ ပါဝင်သည်။

အမေရိကန်စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများသည် အခွန်စည်းကြပ်မှုကြောင့် မြင့်မားလာသော ကုန်ကျစရိတ်အများစုကို ပေးဆောင်ရမည်ဖြစ်သည်။

ဂျပန်ဖြန့်ချိရေးကုမ္ပဏီတစ်ခု၏ အမေရိကန်လက်အောက်ခံကုမ္ပဏီတစ်ခုသည် အာရှမှ လေကြောင်းဖြင့်ပေးပို့သော မော်တော်ယာဉ် အစိတ်အပိုင်းများနှင့် အခြားထုတ်ကုန်များအတွက် အကောက်ခွန်ရှင်းလင်းမှုကို သတိပြုနေရသည်။

ထုတ်ကုန်ပစ္စည်း တစ်ခုချင်းစီအတွက် နောက်ဆုံးအခွန်စည်းကြပ်မှု ရာခိုင်နှုန်းများကို စစ်ဆေးနေရသည့်အတွက် အလုပ်သမားများလည်း အလုပ်ရှုပ်လျက်ရှိသည်။ တချို့ကိစ္စရပ်များတွင် အကောက်ခွန်ရှင်းလင်းမှုလိုအပ်ချက်သည် နှစ်ဆကျော်မြင့်တက်လျက်ရှိသည်။

နိုင်ငံခြားမှ တင်သွင်းပြီးလုပ်ကိုင်နေရသည့် အမေရိကန်စီးပွားရေးလုပ်ငန်းများမှာ အခက်အခဲဆုံးအချိန်နှင့် ရင်ဆိုင်နေရသည်။

**အင်အိတ်ချ်ကေ**




## အမေရိကန် - အီရန် နျူကလီးယား ဆွေးနွေးပွဲ ကောင်းမွန်သည့် ရလဒ်များ ထွက်ပေါ်မည်ဟု ကုလမျှော်လင့်

**ဂျီနီဗာ ဧပြီ ၁၈**

ယခု သီတင်းပတ်အတွင်း အမေရိကန်နှင့် အီရန်တို့အကြား ဒုတိယအကျော့ နျူကလီးယားဆွေးနွေးပွဲအပေါ် ကုလသမဂ္ဂက ကောင်းမွန်သည့် လက္ခဏာဟု ရှုမြင်ပြီး ကောင်းမွန်သည့်ရလဒ်များ ပေးစွမ်းမည်ဟု မျှော်လင့်ကြောင်း ဧပြီ ၁၇ ရက်တွင် ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။



အမေရိကန် -အီရန်သွယ်ဝိုက်သောဆွေးနွေးပွဲ ဒုတိယအကျော့ကို ဧပြီ ၁၉ ရက်နေ့တွင် ရောမမြို့၌ ပြုလုပ်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ နှစ်ဖက်စလုံးသည် တီဟီရန်၏ နျူကလီးယား ပြဿနာနှင့် အမေရိကန်၏ ပိတ်ဆို့မှုများကို ဆွေးနွေးသွားမည်ဖြစ်သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ဆွေးနွေးမှုများမှ ကောင်းမွန်သည့် ရလဒ်များ ယူဆောင်လာနိုင်မည်ဟု မျှော်လင့်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသနှင့် ပင်လယ်ကွေ့ဒေသတွင် တင်းမာမှုများကိုလျှော့ချနိုင်မည်ဟုမျှော်လင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က ပြောသည်။ (ဝဲပုံ) မတ်လအစောပိုင်းကလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်ခေါင်းဆောင်များထံ စာတစ်စောင်ပေးပို့ခဲ့ပြီး အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သွယ်ဝိုက်သောဆွေးနွေးမှုများပြုလုပ်ရန် အီရန်ဘက်က သဘောတူခဲ့သည်။

အမေရိကန် -အီရန် သွယ်ဝိုက်သောဆွေးနွေးပွဲ ပထမအကျော့ကို အိုမန်နိုင်ငံ မြို့တော်မတ်စကပ်တွင် လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# ယီမင်နိုင်ငံ လောင်စာဆီဆိပ်ကမ်းကို အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ သေဆုံးသူ ၃၈ ဦး ရှိလာ

**ဆာနား ဧပြီ ၁၈**

ယီမင်နိုင်ငံ လောင်စာဆီဆိပ်ကမ်း ရက်စ်အီဆာကို အမေရိကန်တို့က ညတွင်းချင်း လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ သေဆုံးသူ ၃၈ ဦး ရှိလာပြီး ဒဏ်ရာရရှိသူ ၁၀၂ ဦးရှိသည်ဟု ဟူသီတို့ထိန်းချုပ်ထားသည့် အယ်လ်မာဆီရာ ရုပ်သံတွင် ဖော်ပြထားသည်။

ဧပြီ ၁၇ ရက် ညပိုင်းက အမေရိကန်တို့သည် ပထမအကြိမ် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် မိနစ်ပိုင်းအကြာတွင် ဆိပ်ကမ်း၌ နောက်ထပ် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး သေဆုံးသူများထဲတွင် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိနေသည့် ဆေးမှူးငါးဦးလည်း ပါဝင်ကြောင်း ရုပ်သံတွင် ဖော်ပြထားသည်။



လောင်စာဆီ ဆိပ်ကမ်းကို လေကြောင်းတိုက်ခိုက်မှု ၁၄ ကြိမ်အထိပြုလုပ်ခဲ့ပြီး လောင်စာဆီ သိုလှောင်ကန်များအတွင်း မီးအကြီးအကျယ်လောင်ခဲ့သည်။ မီးလောင်မှုကို နာရီပိုင်းအနည်းငယ်အတွင်း ငြိမ်းသတ်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်။ လောင်စာဆီ အရင်းအမြစ်ကိုဖယ်ရှားရန် ရက်စ်အီဆာဆိပ်ကမ်းကို ဧပြီ ၁၇ ရက်က တိုက်ခိုက်ဖျက်ဆီးခဲ့သည်ဟု အမေရိကန် ဗဟိုကွပ်ကဲရေးဌာနချုပ်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နီပေါနိုင်ငံ၌ မိုးကြိုကာလ သဘာဝဘေးအန္တရာယ်များကြောင့် လူ ၄၁ ဦးသေဆုံး

**ခတ္တမန္ဒူ ဧပြီ ၁၈**

နီပေါနိုင်ငံ၌ မိုးကြိုကာလသဘာဝဘေးဒုက္ခများကြောင့် လူ ၄၁ ဦး သေဆုံးခဲ့ပြီး ၂၅၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဧပြီ ၁၈ ရက်က ပြောကြားခဲ့သည်။

ရှုပ်ပီးသန်းပေါင်းရာချီတန်ဖိုးရှိ ပစ္စည်းများလည်း သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးခဲ့သည်။

မိုးကြိုးပစ်ခြင်းကြောင့် အများဆုံးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုလည်း အများဆုံးဖြစ်သည်။ မီးလောင်ကျွမ်းခြင်းသည် ဒုတိယအဆိုးရွားဆုံး ဘေးတစ်ခုဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရမ်ဘဟာဒူးကေစီက ပြောသည်။

ပြည်သူများကို သတိထားနေထိုင်ကြရန်နှင့် ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ထားရန် ကြေညာချက်တစ်စောင်လည်း ထုတ်ပြန်ခဲ့ကြောင်း အဆိုပါအာဏာပိုင်အဖွဲ့က ပြောသည်။ မိုးကြိုကာလသည် နီပေါနိုင်ငံတွင် မတ်လမှ စတင်ပြီး မေလအထိ ကြာမြင့်သည်။

နီပေါနိုင်ငံတွင် ၂၀၂၄ ဧပြီလလယ်မှ ၂၀၂၅ ဧပြီလလယ်အထိ ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ် ၈၉၁၅ ခုကြောင့် လူပေါင်း ၇၄၇ ဦးသေဆုံးခဲ့သည်ဟု အာဏာပိုင်အဖွဲ့က ပြောသည်။

**ဆင်ဟွာ**

## တူနီးရှားနိုင်ငံက ဂီနီနိုင်ငံသား ၁၆၄ ဦးကို နေရပ်ပြန်ပို့

**တူးနစ် ဧပြီ ၁၈**

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်း (အိုင်အိုအမ်)နှင့် ညှိနှိုင်းဆောင်ရွက်သည့် ဆန္ဒအလျောက် နေရပ်ပြန်ရေးအစီအစဉ်၏ လုပ်ရှားမှုအနေဖြင့် တူနီးရှားနိုင်ငံသည် ဂီနီနိုင်ငံသား ၁၆၄ ဦးကို ဧပြီ ၁၇ရက်က နေရပ်ပြန်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။

ဥရောပသို့ရွှေ့ပြောင်းနေထိုင်ရန် ရည်ရွယ်၍ တူနီးရှားနိုင်ငံသို့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အထူးလေယာဉ်စီစဉ်ပေးထားကြောင်း အိုင်အိုအမ် သတင်းအရင်းအမြစ်တွင် ဖော်ပြထားသည်။ ယခုနှစ်အစောပိုင်းမှစတင်ကာ ရွှေ့ပြောင်းနေထိုင်သူ ၁၅၄၄ ဦးကို ပြန်ပို့ပေးခဲ့ပြီးဖြစ်ကြောင်း တူနီးရှားသမ္မတရုံး၏ မတ်လနှောင်းပိုင်း ထုတ်ပြန်ချက်အရ သိရသည်။

တူနီးရှားနိုင်ငံသည် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၇၂၅၀ ကို နေရပ်ပြန်ပို့ရေးဆောင်ရွက်ပေးခဲ့ကြောင်း ဇန်နဝါရီလအတွင်း၌ နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဘင်အေယက်က ပြောသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ အလယ်ပိုင်းတွင် မဂ္ဂနီကျူ ၅ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခုလှုပ်

**တိုကျို ဧပြီ ၁၈**

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် မဂ္ဂနီကျူ ၅ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့သော်လည်း ဆူနာမီစိုးရိမ်မှုမရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်သည် ဧပြီ ၁၈ ရက် ဂျပန်စံတော်ချိန် ည ၈ နာရီ ၁၉ မိနစ်တွင် လှုပ်ခဲ့သည်။

နာဂါနိုခရိုင်တွင် မဂ္ဂနီကျူ ၅ ဒသမ ၀ အဆင့်ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း ဂျပန်မိုးလေဝသဌာနက ပြောသည်။

ငလျင်သည် နာဂါနိုခရိုင်မြောက်ပိုင်း မြေအောက်အနက် ၁၃ ကီလိုမီတာကို ဗဟိုပြုလှုပ်ခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာများအား အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာများအား သွားရောက်ကြည့်ရှုအားပေးကာ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ဘိုးဘွားများ စောင့်ရှောက်ရေးဂေဟာသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေနှင့် ဆန်ခြောက် အိတ်၊ ဆီ၂၅ ပိဿာနှင့် ကွေကာအုပ်တို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာရှိ အဘိုးရှစ်ဦးနှင့် အဘွား ၁၇ ဦးတို့အား အလှူငွေနှင့် ပစ္စည်းများကို ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် ရွှေသုခ ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး အလှူငွေနှင့် ဆန်ငါးအိတ်၊ ဆီ ပိဿာ ၅၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် ၁၀ သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာရှိ အဘိုး ၁၀ ဦးနှင့် အဘွား ၁၇ ဦးတို့ကို အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိ ဦးမောင်ရိုး+ဒေါ်ရင် ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး အလှူငွေနှင့် ဆန်ငါးအိတ်၊ ဆီပိဿာ ၅၀ တို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာရှိ အဘိုး ၁၀ ဦးနှင့် အဘွား ၂၀ စုစုပေါင်း ၃၀ တို့အား အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားတက်ရောက်

**တောင်ကြီး ဧပြီ ၁၈**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ညောင်ရွှေမြို့ ငါးလုပ်ငန်းစခန်း၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားသို့တက်ရောက်၍နဒီကန်သဘာဝ ရေပြင်အတွင်းသို့ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပေးကြသည်။

အဆိုပါ နဒီကန်သဘာဝ ရေပြင်အတွင်းသို့ ငါးမြစ်ချင်း ကောင်ရေ ၁၅၀၀၀၊ ငါးခုံးမ ကောင်ရေ၁၅၀၀၀၊ ရွှေဝါငါးကြင်း ကောင်ရေ ၂၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၅၀၀၀၀ ကို ဇီဝိတဒါနကုသိုလ်ပြုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အသက် (၈၅) နှစ်အထက် ကန်တော့ခံ အဘိုးအဘွားများ တက်ရောက်ကြပြီး အဘိုး အဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး တာဝန်ရှိသူများက အဘိုး အဘွားများအား ပူဇော်ကန်တော့ငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပေးကြပြီး အဘိုး အဘွားများ၏ ကိုယ်စား အသက် (၈၉) နှစ်ရှိ အဘွား ဒေါ်သီသီက ဆုတောင်းမေတ္တာပို့သခြင်းနှင့် ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယနေ့ကျင်းပသည့်သက်ကြီးပူဇော်ပွဲ၌ အသက်(၈၅)နှစ်အထက် အဘိုး ၄၅ ဦးနှင့် အဘွား ၂၅ ဦး တက်ရောက် ကန်တော့ခံ၍ တောင်ကြီးမြို့ပေါ် (၂၂) ရပ်ကွက်ရှိ အသက် (၈၅) နှစ်အထက် အဘိုး ၁၆၀၊ အဘွား ၃၁၁ ဦး စုစုပေါင်း ၄၇၁ ဦးကို တစ်ဦးလျှင် ငါးသောင်းကျပ်စီကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းပေးခြင်းဖြစ်ပြီး ဌာနဆိုင်ရာများနှင့် တစ်ဦးချင်း အလှူရှင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးလှူခဲ့ကြပြီး လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၃၂၃၁၉၀၀၀ ဖြစ်ကြောင်း သိရသည်။ ထို့နောက် သက်ကြီးဘိုးဘွားများကို ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## သန်လျင်မြို့၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာလုံးဆိုင်ရာ အသက်(၈၀)နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့ညနေက ဗိုလ်ချုပ်ကျေးရွာ လရောင်ဖြာပရဟိတ ဓမ္မသဘင်၌ ပြုလုပ်သည်။

ပူဇော် ကန်တော့ရာတွင် ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ (၁၂)၊ သာယာကုန်းပိုင်းနေ သုဓမ္မမဏ်ိဇောတရေ ဦးအောင်သန်း+ဒေါ်လှလှဝင်း + ဒေါ်ခင်မျိုးစု မိသားစုတို့နှင့် ဗိုလ်ချုပ်ကျေးရွာ နယ်မြေ (၃) သဲတန်းပိုင်းနေ ဦးဝင်းနိုင်+ဒေါ်အေးအေး မိသားစုတို့က အသက် (၈၀) နှစ်အထက် သက်ကြီးဘိုးဘွား ၂၀၄ ဦးတို့အား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကျင်းပရေး တာဝန်ခံထံမှ သိရသည်။

**သက်ခိုင်(သန်လျင်)**



## ဇလွန်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကျင်းပ

**ဇလွန် ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ဧရာဝတီမြစ်ကမ်းဘေး (ကျီးပင်ဆိပ်)၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

အဆိုပါ နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးခုံးမငါးသားပေါက် ၁၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက် ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက် ၂၀၀၀၀ ကို ငါးလွှတ်ကုသိုလ်ပြုကြသည်။

**မြို့နယ်(ပြန်/ဆက်)**




## ကျိုက်လတ်မြို့နယ်၌ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ




**ကျိုက်လတ် ဧပြီ ၁၈**

ကျိုက်လတ်မြို့နယ်၌ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ယမန်နေ့နံနက် ၈ နာရီက ကျင်းပရာ သက်ကြီးအဘိုးအဘွား ၃၀ တို့ကို အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ဆက်လက်၍ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ရေဆင်းတံတား၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၂၅၀၀ နှင့် ငါးခုံးမကောင်ရေ ၂၅၀၀ တို့ကို ပန်သပွတ်မြစ်အတွင်းသို့ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့၌ သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့

**ပြင်ဦးလွင် ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၂) ရှိ သံဃသာမဂ္ဂီ မဟာသိမ်တော်ကြီး၌ အသက် (၈၅) နှစ်အထက် သက်ကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့ အင်အား ၇၄၀ တက်ရောက်သည်။

ဦးစွာ တက်ရောက်လာသူများက သက်ကြီး ဘိုးဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ခြင်း၊ အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့မှ ဆုတောင်းမေတ္တာပို့သခြင်း ပြုလုပ်ကြပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက အဘိုးအဘွားများအား ဂါရဝပြုအလှူငွေများနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၁၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ်အမှတ် 8M-504/SF-3581 ဖြင့် လိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀)ကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ်အမှတ် 8M-504/SF-3581 ဖြင့် လိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

**ဖမ်းဆီးရမိ**

ထို့အပြင် မေ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နတ်လူထိပ်ပန်ရပ်ကွက်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်**

၂၀၂၅ ခုနှစ် မေ ၁၄ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။

သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## တပ်ကုန်းမြို့နယ်၌ အင်ဂျင်အပူလွန်ကဲ၍ မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ မေ ၁၇ ရက်က အင်ဂျင် အပူလွန်ကဲ၍ မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



တပ်ကုန်းမြို့နယ် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၃၃ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ မီးလောင်မှုဖြစ်ပွားခဲ့သည့် ယာဉ်အား မီးငြိမ်းသတ်စဉ်။

ဖြစ်စဉ်မှာ မေ ၁၇ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၃၃ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုရားတောင် အမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဘုရားတောင် အမြန်လမ်းမကြီးမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သဖြင့် ဖြစ်စဉ်အား စိစစ်ရာ ရန်ကုန်မြို့ဘက်မှ မန္တလေးမြို့ဘက်သို့ ထန်းတပင်မြို့နယ် အမှတ်(၂) ရပ်ကွက်နေ ရဲရန်ပိုင်(၃၆) နှစ် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် မိသားစုဝင် ခြောက်ဦး လိုက်ပါလာသည့် 6H/..... Alphard ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အင်ဂျင်အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် မော်တော်ယာဉ်တစ်စီးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မောင်းအား ဘုရားတောင် အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ပျဉ်းမနားမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သွားလာသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မေ ၁၆ ရက်က ဓားဦးချွန်ကိုင်ဆောင်သွားလာသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် ည ၈ နာရီ အချိန်တွင် ပျဉ်းမနားမြို့နယ် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ကံဦးကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်အရောက်၌ ပျဉ်းမနားမြို့နယ် အုတ်ကျင်းကျေးရွာနေ ဟန်တိုး(၃၅)နှစ်အား မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရာ ၎င်း၏ လွယ်အိတ်အတွင်းမှ အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဟန်တိုးအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ပျဉ်းမနားမြို့နယ်၌ လွယ်အိတ်အတွင်း ဓားဦးချွန်ဆောင်ယူလာသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးရမိမှု။

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မေ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉ - ၄ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၀၀ | ၄၅၀၅ | ၃၀၀၅ | ၂၈၃၀ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၀၄၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၁၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၀ | ၂၈၈၅ | ၂၈၈၅ | ၂၉၅၅ | ၂၉၂၀ | ၂၉၄၅ | ၃၂၀၀ |
| HSD (500 ppm) | ၂၃၉၀ | ၂၅၀၅ | ၂၄၇၀ | ၂၄၀၅ | ၂၅၁၀ | ၂၅၂၅ | ၂၅၄၅ | ၂၄၆၅ | - | ၂၇၅၅ | ၂၄၈၀ | ၂၄၈၀ | ၂၅၅၀ | ၂၅၁၅ | ၂၅၄၀ | ၂၇၉၅ |
| HSD (50 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၅ | ၃၀၃၀ | ၄၈၃၀ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၅ | ၃၃၆၅ |
| HSD (10 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၅ | ၃၀၃၀ | - | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၅ | ၃၃၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၆၃၄ | ၂၇၂၁ |
| HSD (500 ppm) | ၂၂၄၁ | ၂၃၁၆ |
| HSD (50 ppm) | ၂၇၉၂ | ၂၈၇၈ |
| HSD (10 ppm) | ၂၇၉၂ | ၂၈၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပဲခူးမြို့၌ ဇီဝိတဒါနငါးလွှတ်ခြင်း၊ သက်ကြီးပူဇော်ကန်တော့ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်

**ပဲခူး မေ ၁၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ မေ ၁၇ ရက်က ပဲခူးမြို့၌ ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ခြင်း၊ သက်ကြီးပူဇော်ကန်တော့ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။

ဦးစွာ ပဲခူးမြို့ ဟံသာဝတီရှေးဟောင်းကျုံးရေပြင်၌ပြုလုပ်သည့် ဇီဝိတဒါနငါးလွှတ်ပွဲသို့ ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ပြီး ငါးကြင်းရွှေဝါ၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး စုစုပေါင်း ငါးအကောင်ရေ ၁၅၀၀၀၀ အား တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့်အတူ ကျုံးရေပြင်အတွင်းသို့ ဇီဝိတဒါန အဖြစ် လွှတ်ပေးခဲ့ကြသည်။

ထို့နောက် ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ကန်တော့ခံ သက်ကြီးဘိုးဘွားများအား ကန်တော့ပစ္စည်းများနှင့်အတူ ကန်တော့ခဲ့ကြသည်။



ယင်းနောက် ကန်တော့ခံသက်ကြီးဘိုးဘွားများအား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **သက်ထက်**

## မင်းဘူးမြို့၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**မင်းဘူး မေ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက်က မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် အသက်သိက္ခာ ဂုဏ်ဝါကြီးမားကြကုန်သော သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းဟူသော မင်္ဂလာတရားတော်နှင့်အညီ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဝန်ချတောင်းပန် ကန်တော့ခဲ့ပြီး ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းစကား ပြန်လည်ပြောကြားခဲ့သည်။

သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် မင်းဘူးမြို့ နမ္မဒါဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွား ၁၃ ဦးနှင့် မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၄၃ ဦး စုစုပေါင်း ဘိုးဘွား ၅၆ ဦးအား တစ်ဦးလျှင် အလှူငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ၁၆၈၀၀၀၀ ကို ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက လှူဒါန်းပေးအပ်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြိတ်မြို့ တောင်သာယာဘိုးဘွားရိပ်သာ၌ သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ

**မြိတ် မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တောရကျောင်းရပ်ကွက်ရှိ တောင်သာယာဘိုးဘွားရိပ်သာ၌ မေ ၁၇ ရက်က သက်ကြီးများ ပူဇော်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦးက ဘိုးဘွားများအား ပူဇော်ကန်တော့လွှာအား လျှောက်ထားကာ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဝမ်းမြောက်စကားပြောကြားခြင်းနှင့် ဆုတောင်းမေတ္တာ ပို့သခဲ့ကြသည်။

ထို့နောက် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘိုးဘွားရိပ်သာမှ ဘိုးဘွား ၃၄ ဦးအား တစ်ဦးလျှင် လုံချည်၊ မျက်နှာသုတ်ပဝါ၊ အာဟာရမုန့်များနှင့် ကန့်တော့ငွေကျပ် တစ်သိန်းစီ ပေးအပ်ခဲ့ကြသည်။ ဆက်လက်၍ သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် ဘိုးဘွားများ၏ အထွေထွေရောဂါ၊ ခွဲစိတ်၊ အရိုးအကြော၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် သွားရောဂါများကို မြိတ်ပြည်သူ့ဆေးရုံကြီးမှ သမားတော်နှင့် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးကုသပေးကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဘိုးဘွားများအား လက်သည်းခြေသည်းညှပ်ပေးခြင်း ကုသိုလ်ကောင်းမှုများကို စုပေါင်းပြုလုပ်ခဲ့ကြသည်။

ထို့ပြင် မြို့ပေါ်ရပ်ကွက်များရှိ အသက် ၉၀ အထက် ဘိုးဘွား ၂၆၂ ဦး အား တစ်ဦးလျှင် ကန်တော့ငွေကျပ် တစ်သိန်းစီကို တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**








# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**































ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။

ပရီမီယာလိဂ်ပွဲစဉ် (၃၃) မှ ပွဲစဉ် ငါးပွဲကို မေ ၁၉ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်လွတ်မြောက်ရေး အားပြိုင်မှုအပြင် ဥရောပဝင်ခွင့်ရရှိရေး အားပြိုင်မှုတွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ပရီမီယာလိဂ်ပွဲစဉ် (၃၃)**
ဘရန့်ဖို့ဒ် – ဘရိုက်တန်
ပဲလေ့စ် – ဘုန်းမောက်
အဲဗာတန် – မန်စီးတီး
ဝက်စ်ဟမ်း–ဆောက်သမ်တန်
ဗီလာ – ကာဆယ်
၁၉-၄-၂၀၂၅

# နယူးကာဆယ်ရဲ့ တိုက်စစ်ကို ဗီလာအသင်းခံစစ် ပွဲချိန်ပြည့် ဟန့်တားဖို့ မလွယ်ဘူး

## ဘရန့်ဖို့ဒ် Vs ဘရိုက်တန် ည ၈း၃၀

နိုင်ပွဲပျောက်ဆုံးနေတဲ့အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိတယ်။ ဒီနှစ်သင်း နောက်ဆုံးနှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ ပြတ်သားတဲ့ရလဒ်ထွက်ပေါ်ထားခြင်း မရှိဘဲ နှစ်ကြိမ်စလုံး ဂိုးမရှိသရေရလဒ်နဲ့ အဆုံးသတ်ထားတယ်။ ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် ခြေစွမ်းသာတဲ့အသင်းထက် အဆုံးသတ် သေချာတဲ့အသင်း နိုင်ပွဲရဖွယ်ရှိတယ်။

| ဘရန့်ဖို့ဒ်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ဘရန့်ဖို့ဒ် ၀ – ၀ ချယ်ဆီး | အမ်ဗျူမို (၂၅ နှစ်) |
| အာဆင်နယ် ၁ – ၁ ဘရန့်ဖို့ဒ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၁ ကြိမ် |

| ဘရိုက်တန်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ပဲလေ့စ် ၂ – ၁ ဘရိုက်တန် | ပက်ဒရို (၂၃ နှစ်) |
| ဘရိုက်တန် ၂ – ၂ လက်စတာ | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆ ကြိမ် |

## ပဲလေ့စ် Vs ဘုန်းမောက် ည ၈း၃၀

ပဲလေ့စ်က နောက်ဆုံးနှစ်ပွဲဆက် ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ထားတဲ့အပြင် ခံစစ်ပိုင်းကလည်း ဆိုးရွားတဲ့အသင်းထဲ ပါဝင်နေတယ်။ ပြိုင်ဘက် ဘုန်းမောက်က နောက်ဆုံးနှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိဘူး။ အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည်လည်း ကွာခြားမှုမရှိဘူး။ ပဲလေ့စ်အသင်းအနေနဲ့ တိုက်စစ်ပိုင်း ထက်မြက်မှုရှိတဲ့ ဘုန်းမောက်ကို အသာရဖွယ် မရှိဘူး။

| ပဲလေ့စ်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| မန်စီးတီး ၅ – ၂ ပဲလေ့စ် | မာတီတာ (၂၇ နှစ်) |
| ကာဆယ် ၅ – ၀ ပဲလေ့စ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၅ ကြိမ် |

| ဘုန်းမောက်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ဝက်စ်ဟမ်း ၂ – ၂ ဘုန်းမောက် | ဆီမီညို (၂၅ နှစ်) |
| ဘုန်းမောက် ၁ – ၀ ဖူလ်ဟမ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၂ ကြိမ် |

## အဲဗာတန် Vs မန်စီးတီး ည ၈း၃၀

အဲဗာတန်က နောက်ဆုံးနှစ်ပွဲမှာ အာဆင်နယ်ကို သရေကျပြီး နော့်တင်ဟမ်ကို အနိုင်ရအောင် ကစားထားနိုင်တယ်။ မန်စီးတီးကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းတည်ငြိမ်လာတယ်။ အိမ်ကွင်းဂွတ်ဒီဆင်ပတ်ခ်မှာ ကစားရသော်ငြား လာမယ့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာစာအတွက် ခြေကုန်ထုတ်လာမယ့် မန်စီးတီးအသင်းကို အဲဗာတန်အသင်း နိုင်ဖို့ ခက်မယ်။

| အဲဗာတန်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| အဲဗာတန် ၁ – ၁ အာဆင်နယ် | မက်နေး (၂၅ နှစ်) |
| နော့်တင်ဟမ် ၀ – ၁ အဲဗာတန် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၇ ကြိမ် |

| မန်စီးတီးရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| မန်ယူ ၀ – ၀ မန်စီးတီး | ဒီဘရိုင်း (၃၃ နှစ်) |
| မန်စီးတီး ၅ – ၂ ပဲလေ့စ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၀ ကြိမ် |

## ဝက်စ်ဟမ်း Vs ဆောက်သမ်တန် ည ၈း၃၀

ဝက်စ်ဟမ်းရော ဆောက်သမ်တန်အသင်းပါ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲရာတွေ့ထားခြင်း မရှိဘူး။ ဆောက်သမ်တန်က ဒီရာသီမှာ ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေသလို ရာသီမပြီးဆုံးမီ တန်းဆင်းခဲ့ရတဲ့အသင်းလည်း ဖြစ်တယ်။ ဆောက်သမ်တန်အသင်းရဲ့ ရှုံးအားကြောင့် ဝက်စ်ဟမ်းအသင်း အခက်တွေ့နိုင်သော်လည်း နိုင်ဖွယ်ရာရှိတယ်။

| ဝက်စ်ဟမ်းရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ဝက်စ်ဟမ်း ၂ – ၂ ဘုန်းမောက် | ဘိုဝင် (၂၈ နှစ်) |
| လီဗာပူး ၂ – ၁ ဝက်စ်ဟမ်း | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၃ ကြိမ် |

| ဆောက်သမ်တန်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| စပါး ၃–၁ ဆောက်သမ်တန် | မက်သီးယပ်စ် (၂၀ နှစ်) |
| ဆောက်သမ်တန် ၀–၃ ဗီလာ | သွင်းဂိုး + ဂိုးဖန်တီးမှု = ၅ ကြိမ် |

## ဗီလာ Vs ကာဆယ် ည ၁၁း၀၀

ခြောက်ပွဲဆက် နိုင်ပွဲရယူထားတဲ့ နယူးကာဆယ်အသင်းရဲ့ ခြေစွမ်းက အတော်လေး ထက်မြက်မှုရှိတယ်။ အိမ်ရှင်ဗီလာကလည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၁၁ ပွဲမှာ ၁၀ ပွဲနိုင်ပြီး တစ်ပွဲသာ ရှုံးနိမ့်ထားတယ်။ နှစ်သင်းစလုံးမှာ ထိပ်တန်းအဆင့်ကစားသမားတွေ အများအပြားရှိတဲ့အတွက် ရရှိလာမယ့်အခွင့်အရေးကို အမိအရ အသုံးချနိုင်တဲ့အသင်းသာ နိုင်ဖွယ်ရာရှိတယ်။

| ဗီလာရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ဆောက်သမ်တန် ၀ – ၃ ဗီလာ | ဝတ်ကင်စ် (၂၉ နှစ်) |
| ဗီလာ ၃ – ၂ ပီအက်စ်ဂျီ | သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၀ ကြိမ် |

| ကာဆယ်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ကာဆယ် ၄ – ၁ မန်ယူ | အီဆတ် (၂၅ နှစ်) |
| ကာဆယ် ၅ – ၁ ပဲလေ့စ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၇ ကြိမ် |



ယခင်တွေ့ဆုံမှုတွင် နယူးကာဆယ်တိုက်စစ်ကစားသမား အီဆတ် ဗီလာဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- မန်ယူနှင့် လီဗာပူးအသင်းတို့သည် ယခုနွေရာသီတွင် လိုင်ယွန်အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား ချာကီ (၂၁ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းမှ ပြင်သစ်တောင်ပံကစားသမား ကင်စလေကိုးမန်း (၂၈ နှစ်) ကို ခေါ်ယူလိုနေသည်။
- အေစီမီလန်အသင်းသို့ အငှားချထားခြင်းခံရသော ချယ်ဆီးအသင်းမှ ပေါ်တူဂီတိုက်စစ်ကစားသမား ဖီးလစ် (၂၅ နှစ်) သည် နွေရာသီတွင် ဆော်ဒီအာရေဗျကလပ် သို့မဟုတ် အသင်းဟောင်း ဘင်ဖီကာသို့ ပြောင်းရွှေ့လိုနေသည်။
- အဲဗာတန်အသင်းသည် ဖီအိုရင်တီးနားအသင်းတွင် အငှားကစားနေသော ဂျီနိုအာအသင်းမှ အိုက်စလန်ကွင်းလယ်ကစားသမား အဲဘတ်ဂွတ်မွန်ဆန် (၂၇ နှစ်) ကို ခေါ်ယူရာတွင် အင်တာမီလန်အသင်းနှင့် အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိသည်။




## ပြိုင်ဘက်ကို အနိုင်ယူပြီး စတုဂတ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပါအိုလီနီ တက်လှမ်း

စတုဂတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် အီတလီနာမည်ကျော် တင်းနစ်မယ် ဂျက်စမင်း ပါအိုလီနီသည် ပြိုင်ဘက် ဂျာမနီတင်းနစ်မယ် ဂျူလီနေမီယာကို အနိုင်ယူကျော်ဖြတ်ကာ ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

၎င်းသည် အဆိုပါ ပွဲစဉ်တွင် ပြိုင်ဘက်ကို ၆–၁၊ ၇–၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပါအိုလီနီသည် စတုဂတ်အိုးပင်း ၃၂ ဦးအဆင့်တွင် အီဗလီစ်နှင့် တွေ့ဆုံခဲ့ပြီး ၆–၂၊ ၆–၁ ရလဒ်ဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။

၎င်းသည် စတုဂတ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အမေရိကန်နာမည်ကျော် တင်းနစ်မယ် ကိုကိုဂေါ့ဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကိုကိုဂေါ့ဖ်သည် ၁၆ ဦးအဆင့်တွင် ပြိုင်ဘက် ဂျာမနီတင်းနစ်မယ် ဆီဒဲလ်နှင့် တွေ့ဆုံခဲ့ပြီး ၆–၁၊ ၆–၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။

စတုဂတ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပါအိုလီနီနှင့်အတူ နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် မာတင်စ်၊ အဲလက်စ်ဇန်ဒရိုဗာ၊ ပဲဂူလာ၊ ဆာဘယ်လင်ကာ၊ အော့စတာပင်နာကိုတို့ တက်လှမ်းနိုင်ခဲ့သည်။

## ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်ဖြင့် ကွန်းဖရင့်လိဂ်ဆီမီးဖိုင်နယ်သို့ ချယ်ဆီးတက်လှမ်း

ကွန်းဖရင့်လိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ဒုတိယအကျော့မှ မေ ၁၈ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးနှင့် ပိုလန်ကလပ် လက်ဂီယာဝါစဇောဝါအသင်းပွဲစဉ်တွင် လက်ဂီယာဝါစဇောဝါအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် လေးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ပွဲကစားချိန် ၄၂ မိနစ်တွင် ချယ်ဆီးကစားသမား ကူကူရယ်လာ၏ သွင်းဂိုးကို ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သော ချယ်ဆီးအသင်းသည် ဆီမီးဖိုင်နယ်တွင် ဆွီဒင်ကလပ် ဂျာဂါဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## လူတန်က ဒါဘီကို အနိုင်ယူပြီး ချန်ပီယံရှစ်တန်းဆင်းဇုန်မှ လွတ်မြောက်ရေးမျှော်လင့်ချက် အားကောင်းလာ

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄၃) အဖြစ် မေ ၁၈ ရက် ည ၆ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ဒါဘီနှင့် လူတန်အသင်းပွဲစဉ်တွင် လူတန်အသင်းက ပွဲကစားချိန် ၁၀ မိနစ်တွင် ရရှိခဲ့သော အလီ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် နိုင်ပွဲရရှိကာ တန်းဆင်းဇုန်မှ လွတ်မြောက်ရေး မျှော်လင့်ချက် အားကောင်းလာခဲ့သည်။

ဒါဘီအသင်းသည် လူတန်အသင်းထက် ဂိုးရရှိနိုင်သည့် အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တားကာကွယ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရပြီး ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

**မိုးဇက် – စုစည်းသည်**



